မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၈ခုနှစ်၊ မတ် ၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၅၄)

မာတာပိတုဥပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ

မိဘကို လုပ်ကျွေးပြုစုခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

အမျိုးသားအကျိုးစီးပွားအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုရည်မှန်းချက်များ ပြည့်ဝအောင်မြင်ရေးကြိုးစားလုပ်ကိုင် မူဝါဒလမ်းစဉ်(၇)ရပ် တစ်ဆင့်ပြီးတစ်ဆင့်အောင်မြင်ရေး ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်

နေပြည်တော် မတ် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော ၂၀၀၈ခုနှစ် တောင်သူလယ်သမားနေ့သဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ချစ်ကြည်လေးစားအပ်သော တောင်သူလယ်သမားကြီးများခင်ဗျား–

ယနေ့သည် မြန်မာ့တောင်သူလယ်သမားကြီးများအား ဂုဏ်ပြုသတ်မှတ်ထားသည့် မတ်လ ၂ ရက် **"တောင်သူလယ်သမားနေ့"** ဖြစ်ပါသည်။ ဤမင်္ဂလာရက်မြတ်အခါသမယတွင် တောင်သူလယ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြလျက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းအောင်ဆောင်ရွက် မွန်မြတ်လေးနက်သည့် အမျိုးသားရေးတာဝန်တစ်ရပ်ထမ်းရွက်နေသည်ဟူသော ခံယူချက်ဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုး တိုးတက်ဖော်ဆောင်နိုင်အောင် ဆတက်ထမ်းပိုးကြိုးပမ်း

နေပြည်တော် မတ် ၁

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း နဝမအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ နိုင်ငံလုံးဆိုင်ရာ ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ Mr. Pierre-Andre Conod နှင့် အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ Ms.Birdget Gardner နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း ကြက်ခြေနီ၊ သူနာပြုတပ်ဖွဲ့မှူးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ ညီလာခံကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။

အလွန်အရေးပါ

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍအသီးသီးကို စနစ်တကျ ချိတ်ဆက်ယှဉ်တွဲပြီး တစ်မျိုးသားလုံး၏ စုပေါင်းစွမ်းအားဖြင့် ***စာမျက်နှာ ၁၀ ကော်လံ ၁*** ✻

အမျိုးသား ကျန်းမာရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း နဝမအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံဖွင့်ပွဲ တွင် ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၂ ရက်)

ရေမြေသယံဇာတကို အကျိုးရှိရှိအသုံးချ သီးထပ်သီးညှပ်သီးနှံများ တိုးချဲ့စိုက်ပျိုး

၂၀၀၈ခုနှစ် မတ်လ ၂ရက်နေ့ (ယနေ့) သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တောင်သူလယ်သမားနေ့ဖြစ်သည်။ နိုင်ငံတော်က စိုက်ပျိုးရေးကို အခြေခံပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

လယ်ယာစိုက်ပျိုးရေးတွင် စိုက်ပျိုးရေသည် အဓိကလိုအပ်ချက်ဖြစ်ရာ ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများနှင့် မြေအောက်ရေရရှိရေးလုပ်ငန်းများကို ဒေသလိုအပ်ချက်နှင့်အညီ တည်ဆောက်ပေးခဲ့သည်။

နိုင်ငံတော်က သီးနှံများ အထွက်တိုးရေးအတွက် အထွက်နှုန်းကောင်းသီးနှံများ ပံ့ပိုးခြင်း၊ စိုက်ဧက တိုးချဲ့ခြင်း၊ သီးထပ်သီးညှပ် စိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာနှင့် နည်းပညာများ ကူညီခြင်းတို့ကို ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်း ရေလှောင်တမံစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများ စသည့်ရေအရင်းအမြစ်များကို တည်ဆောက်ပေးလျက်ရှိရာ ရေသွင်းစိုက်ဧက ၇သန်းကျော်ကို အကျိုးပြုနေပြီဖြစ်သည်။ သီးနှံများရေသွင်းစိုက်ပျိုးနိုင်သည့် စိုက်ဧကသည်လည်း စိုက်ပျိုးမြေ၏ ၁၈ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ ယခုအခါ စိုက်ပျိုးရေလုံလောက်စွာ ရရှိလာသဖြင့် စပါးသာမက ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စားဖိုဆောင်သီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ဖူလုံပိုလျှံပြီး ပြည်ပသို့ပါ တင်ပို့ရောင်းချနေပြီ ဖြစ်သည်။

မြန်မာနိုင်ငံရှိ လူဦးရေ ၅၅သန်းကျော်အတွက် စားနပ်ရိက္ခာဖူလုံပိုလျှံသည်သာမက နောင်အနာဂတ် တိုးပွားလာမည့်လူဦးရေ လုံလောက်စွာ စားသုံးနိုင်ရေး မျှော်မှန်းပြီး နိုင်ငံတော်က အစီအမံများ ချမှတ်ဖော်ဆောင်နေခြင်း ဖြစ်သည်။

လက်ရှိ လယ်ယာကဏ္ဍကို သမားရိုးကျလုပ်ကိုင်မှုမှ နည်းပညာနှင့် စက်ကိရိယာသုံးစွဲသည့် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရောက်ရှိရေး ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ တောင်သူလယ်သမားများအနေဖြင့် နိုင်ငံတော်၏ ပံ့ပိုးဖြည့်ဆည်းမှုများနှင့်အတူ ရေ မြေသယံဇာတ အခြေအနေပေးမှုများကို လက်တွေ့ အကျိုးရှိရှိ အသုံးချပြီး တစ်သီးမှနှစ်သီး၊ သုံးသီးအထိ သီးထပ်သီးညှပ်သီးနှံများ တိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် စားနပ်ရိက္ခာ ပိုလျှံစွာထွက်ရှိလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ပိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် လှိုင်မြို့နယ် ၁၆ရပ်ကွက် ဖလမ်း အမှတ် ၇၇/၇၉ နေ ဒုတိယဗိုလ်မှူးကြီးမြခိုင်(ငြိမ်း)-ဒေါ်ခင်စာရီနှင့်မိသားစုက အလှူငွေ ကျပ် ၁၆၀၀၀၀ ကို လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင်ဦးမောင်လှိုင်၊ ဦးထွန်းနှင့် ဦးအေးမြင့်တို့က လက်ခံယူကြစဉ်။ (က-ပ)

သန်လျင်မြို့နယ်၌ ဂုဏပူဇာဓမ္မသဘင်ကျင်းပမည်

ရန်ကုန် မတ် ၁

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အောင်မင်္ဂလာရပ်ကွက်ရှိ မဟာခေမိကာရာမရွှေကျောင်စာသင်တိုက်မှ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ တိုက်အုပ်ဆရာတော်အရှင်ဣန္ဒောဘာသာလင်္ကာရ၏ ဂုဏ်ပြုချီးကျူးပူဇော်ပွဲ အထိမ်းအမှတ်အကြိုအဖြစ် ဂုဏပူဇာဓမ္မသဘင်ကို မတ် ၁၉ရက်မှ၂၂ ရက်အထိ လေးညတိုင်တိုင် ကျင်းပမည်ဖြစ်ရာ ဂုဏပူဇာဓမ္မသဘင်ကျင်းပရေးအတွက် ဓမ္မဒါနမတည်အလှူရှင် သန်လျင်မြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ ဆရာကြီးအရပ်ဟံ ဆရာအောင်နှင့်ဇနီးဒေါ်နှင်းရည်ကျော်၊ သားမောင်ဘုန်းပြည့်ကျော် မိသားစုက ငွေကျပ် ၁၂သိန်းကို ဖေဖော်ဝါရီ ၂၈ရက်က လှူဒါန်းကြသည်။

အဆိုပါ ဂုဏပူဇာဓမ္မသဘင်၌ မတ်၁၉ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ ၂၀ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၊ ၂၁ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသုန္ဒရ၊ ၂၂ရက်တွင် အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအင်္ဂီသ ဆရာတော်ကြီးများက နေ့စဉ်ည ၇နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်ဖက်သောမိဘများအား အမှူးထား၍ တာမွေမြို့နယ် ဦးလွန်းလမ်းနေ မောင်ထွဋ်အောင်-မသန္တာထွေးတို့၏ မင်္ဂလာဦးအလှူအဖြစ် ဖေဖော်ဝါရီ ၂၆ရက်က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မဘက်စုံငွေပဒေသာပင် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဒေါက်တာဦးလှမြင့် လက်ခံစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂-၃-၂၀၀၈

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ချစ်သူမျက်ဝန်း**
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မိုးချစ်တပ်မတော်
၄း၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၁။	အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
၆း၄၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၇၇)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ပဟေဠိနန်းတော်
	၁၈။	ကျန်းမာသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက်သူရဲကောင်း** (ဒုတိယတွဲ)(အပိုင်း-၃၇)

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၁

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Ltd. သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 နှင့် M-7တို့တွင် Geotechnical Site Survey တိုင်းတာရေးလုပ်ငန်းများကို နောက်ထပ်တွင်းတူးဖော်မည့် (လေး)နေရာတွင် တိုင်းတာရေးရေယာဉ် MV Teknik Samudra ဖြင့် မတ် ၃ရက်မှ ၁၈ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

Geotechnical Site Survey တိုင်းတာရေးလုပ်ငန်းဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းမှာ ဧရိယာ ၁လုပ်ကွက်အမှတ်၊ M-3 တွင် Point-A မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၆မိနစ် ၀၁သမ၅၈စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၂မိနစ် ၃၁သမ၁၁စက္ကန့်၊Point-B မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၆ မိနစ် ၀၁သမ၅၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၂မိနစ် ၃၅ဒသမ၀၆ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၂၈မိနစ် ၄၄ဒသမ၁၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၂မိနစ် ၃၅ဒသမ၀၆စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၂၈မိနစ် ၄၄ဒသမ၁၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၂မိနစ် ၃၁သမ၁၁စက္ကန့်အတွင်းတွင်လည်းကောင်း၊ ဧရိယာ(၂)လုပ်ကွက်အမှတ် M-7 တွင် Point-A2 မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၂၂မိနစ် ၂၉စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၆မိနစ် ၃၅ဒသမ၅၃စက္ကန့်၊ Point-B2 မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၂၂မိနစ် ၂၉စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၂၃မိနစ် ၁၂ဒသမ၆၃စက္ကန့်၊ Point-C2မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၁၅မိနစ် ၅၀ဒသမ၆၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၂၃မိနစ် ၁၂ဒသမ ၆၃စက္ကန့်နှင့် Point-D2 မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၁၅မိနစ် ၅၀ဒသမ၆၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၆မိနစ် ၃၅ဒသမ၅၃စက္ကန့်အတွင်းတွင်လည်းကောင်း၊ ဧရိယာ(၃)လုပ်ကွက်အမှတ်M-7 တွင် Point-A3 မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၁၂မိနစ် ၄၀ဒသမ၈၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၄မိနစ် ၁၈ဒသမ၀၂စက္ကန့်၊Point-B3မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၁၂မိနစ် ၄၀ဒသမ၈၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၂၀မိနစ် ၅၉ဒသမ၇၄စက္ကန့်၊Point-C3မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၁၂မိနစ် ၄၀ဒသမ၈၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၂၀မိနစ် ၅၉ဒသမ၇၄စက္ကန့်၊ Point-D3မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၆မိနစ် ၈ဒသမ၂၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၄မိနစ် ၁၈ဒသမ၀၂စက္ကန့်အတွင်းတွင်လည်းကောင်း၊ Site Survey Informationလုပ်ငန်းများကိုLocation WC- M3--002 မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၂မိနစ် ၂ဒသမ ၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၀၉မိနစ် ၁၂ဒသမ၆စက္ကန့်၊Location WC-M 3-62&64 မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၃မိနစ် ၁၀ဒသမ၉စက္ကန့်၊အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၀၅မိနစ် ၁၀ဒသမ၇စက္ကန့်၊Location WC- M7-001မြောက်လတ္တီတွဒ် ၁၅ဒီဂရီ၁၉မိနစ် ၀၈ဒသမ ၆စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၈မိနစ် ၁၀ဒသမ၅စက္ကန့်နှင့် Location WC- M7-006 မြောက်လတ္တီတွဒ် ၁၅ဒီဂရီ၀၈မိနစ် ၅၅ဒသမ ၃စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၆မိနစ် ၄၂ဒသမ၈၈စက္ကန့်အတွင်းတို့တွင် ဖြစ်သည်။

သို့ဖြစ်ပါ၍Geotechnical Site Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ်MV. Teknik Samudra ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင် ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး၊ ယဉ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းနှင့် ငါးဖမ်းဆီးခြင်းများမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက သတိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကြီးတွင် တောင်သူလယ်သမား ကိုယ်စားလှယ်ကြီးများ တက်ကြွစွာပါဝင်ကြပြီး အမျိုးသားရေးတာဝန်ကြီးကို အောင်မြင်ပြီးမြောက်သည်အထိ ကြိုးပမ်းထမ်းဆောင်ခဲ့

● ရှေ့ဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဖြစ်ပေါ်လာရေးအတွက် အမျိုးသားစီးပွားရေးဘဝ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေးမူဝါဒများ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။

စီမံကိန်းရေးဆွဲ

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပထဝီဝင်အနေအထား၊ ရာသီဥတုအခြေအနေနှင့် လူ့စွမ်းအား အရင်းအမြစ်များတည်ရှိမှုအရ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အခြေခံပြီး အခြားစီးပွားရေးကဏ္ဍများအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်လျက် ရှိပါသည်။

ဖြန့်ကြက်တည်ဆောက်

နိုင်ငံတော်၏ ကြီးမားသော ကုန်ထုတ်လုပ်မှုကဏ္ဍကြီးဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးတွင် အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေရရှိရေးအတွက် ရေလှောင်တမံ ၁၈၇ခု၊ ရေထိန်းတံခါး ၂၁ခု၊ မြစ်ရေတင်လုပ်ငန်း ၃၀၅ခု၊ မြေအောက်ရေရရှိရေးလုပ်ငန်း ၇၅၇၈ခုနှင့် ကျေးလက်ဆည်ငယ် ကန်ငယ် ၆၅၈ခုတို့ကို နိုင်ငံတော်ကဘဏ္ဍာငွေ အမြောက်အမြား ကျခံသုံးစွဲ၍ တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးခဲ့ပါသည်။

တိုးပွားလာ

ထို့ပြင် နိုင်ငံနှင့်အဝန်း ပလပ်မြေများ၊ မြေလွတ်မြေရိုင်းများ၊ ရေကြီးကွင်း ရေနက်ကွင်းများကို နည်းမျိုးစုံဖြင့် ဖော်ထုတ်စိုက်ပျိုးစေခြင်း၊ ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်စိုက်ပျိုးစေခြင်း၊ သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရန် အဘက်ဘက်မှ ပံ့ပိုးကူညီပေးခြင်းတို့ကြောင့် သီးနှံစိုက်ဧရိယာများ တိုးပွားများပြားလာခဲ့ပါသည်။

တိုးတက်ထုတ်လုပ်

ထိုသို့ တိုးတက်များပြားလာသည့် စိုက်ပျိုးမြေများကို အပြည့်အဝ အသုံးချထုတ်လုပ်နိုင်ရေးအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရန် လိုအပ်လာသည်နှင့်အညီ နိုင်ငံတော်ပိုင်းနှင့် ပုဂ္ဂလိကပိုင်းတို့က လယ်ယာသုံး စက်ကိရိယာများ တိုးတက်ထုတ်လုပ်ရေးကို စီမံဆောင်ရွက်ပေးလျက် ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားကြီးများ အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အကျိုးအတွက် စိုက်ပျိုးမြေများ တိုးချဲ့ရေး၊ တစ်ဧကသီးနှံအထွက်နှုန်းနှင့် သီးနှံစိုက်စွမ်းအား တိုးတက်ရေး၊ စိုက်ပျိုးရေ ဖူလုံစွာရရှိရေး၊ စိုက်ပျိုးရေးနည်းပညာနှင့် သီးနှံမျိုးများပံ့ပိုးရေး၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးတို့ကို စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တောင်သူလယ်သမားကြီးများအနေဖြင့်လည်း မိမိတို့၏လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုရည်မှန်းချက်များ ပြည့်ဝအောင်မြင်ရေးအတွက် ကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

အကောင်အထည်ဖော်

ယနေ့ အချိန်အခါတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးကို ဦးတည်အကောင်အထည်ဖော်လျက် ရှိပါသည်။

ဂုဏ်ယူဝမ်းမြောက်

အဆိုပါမူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ပေါ်ထွန်းရေးကို ဖော်ဆောင်မည့် အမျိုးသားညီလာခံကြီးတွင် တောင်သူလယ်သမား ကိုယ်စားလှယ်ကြီးများ တက်ကြွစွာပါဝင်ကြပြီး အမျိုးသားရေးတာဝန်ကြီးကို အောင်မြင်ပြီးမြောက်သည်အထိ ကြိုးပမ်းထမ်းဆောင်ခဲ့သည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့မြင်ခဲ့ရပါသည်။

ဆက်လက်ကြိုးပမ်း

သို့ဖြစ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းရေးကို ရှေးရှုလျက် နိုင်ငံတော်၏ အဓိကစီးပွားရေးကဏ္ဍကြီးဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်ရေးအတွက်လည်းကောင်း တောင်သူလယ်သမားကြီးများက တိုင်းရင်းသားပြည်သူများနှင့်အတူ ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်သွားကြပါရန် လေးနက်စွာ တိုက်တွန်းအပ်ပါသည်။ ။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်ပျဉ်းမနားခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ပျဉ်းမနားရှိ ခေမာသီဝံ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ ရောက်ရှိကြပြီး ရှေးဦးစွာ ပရဟိတဂေဟာ ဘုန်းတော်ကြီးကျောင်း ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယအား ဖူးမြော်ကန်တော့၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ခေမာသီဝံ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာရှိ စက်ရေတွင်း တူးဖော်မည့် မြေနေရာပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် နေပြည်တော်ပျဉ်းမနား ပုရွက်ဆိတ်ကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျေးရွာဒေသခံ ပြည်သူများအား တွေ့ဆုံ အမှာစကားပြောကြားပြီး ကျောင်းဆောင် ပြုပြင်တည်ဆောက်ရန်အတွက် ဘိလပ်မြေ ၇၅ အိတ်ကို ပေးအပ်လှူဒါန်းရာ**(ယာပုံ)** ကျောင်းအုပ်ဆရာမကြီးက လက်ခံယူပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပေးအပ်

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မူလတန်းကျောင်း ပြန်လည် ပြုပြင်တည်ဆောက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးမှာကြားသည်။ နေပြည်တော်ပျဉ်းမနား သစ်လေးလုံးကျေးရွာ အခြေခံပညာ ကျောင်းခွဲ၌ ကျေးရွာပြည်သူလူထုအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ကျောင်းဆောင် ပြုပြင်တည်ဆောက်ရေးအတွက် ဘိလပ်မြေ ၁၂၅ အိတ်ကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၃-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀ – ၁း၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇း၀၅ – ၁း၀၅ သစ္စာဝင်မှအားကိုး တရားတော် အပိုင်း(၂) ဆရာတော် ဘဒ္ဒန္တ သောဘဏ
၈း၀၀ – ၂း၀၀ Soccer Update
၈း၁၅ – ၂း၁၅ Sunday Talk [ရုပ်ရှင်ဒါရိုက်တာ မောင်တင်ဦး၊ မျိုးမြတ်သူ)
၉း၂၀ – ၃း၂၀ ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ – ၃း၃၀ တေးဂီတအစီအစဉ်
၉း၄၀ – ၃း၄၀ ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
၉း၅၀ – ၃း၅၀ နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ – ၃း၅၅ တေးဂီတအစီအစဉ်
၁၀း၀၀ – ၄း၀၀ သီးနှံစိုက်ပျိုးအထွက်တိုး (စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုးအောင် စိုက်ကြစို့)
၁၀း၁၀ – ၄း၁၀ တေးဂီတအစီအစဉ်
၁၀း၂၀ – ၄း၂၀ မိုးလေဝသခန့်မှန်းချက်
၁၀း၂၅ – ၄း၂၅ လုံခြုံစိတ်ချ မိခင်ဘဝ (ပါမောက္ခ ဒေါက်တာ မြင့်မောင်မောင်)
၁၀း၅၀ – ၄း၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ – ၅း၀၀ တေးဂီတအစီအစဉ်
၁၁း၀၅ – ၅း၀၅ Euro Goals
၁၁း၃၀ – ၅း၃၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅ – ၅း၃၅ မြန်ပြည်တွင် ဆီရေချိုးလို့ သည်ဆွေမျိုးတို့ ချမ်းမြစေဖို့
၁၁း၅၅ – ၅း၅၅ တေးဂီတအစီအစဉ်
၁၂း၀၀ – ၆း၀၀ မြို့မကျောင်းရဲ့ ရီးရာပွဲ
၁၂း၁၀ – ၆း၁၀ လွင်မိုးခရီးသွားနေသည် (အပိုင်း–၆)
၁၂း၄၀ – ၆း၄၀ နိုင်ငံတကာအနုပညာရေးရာ
၁း၀၀ – ၇း၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Bolton-Liverpool	ESPN(Live)
၁၀း၂၅	Everton-Portsmouth	ESPN(Live)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Juventus-Fiorentina	5-Cartoon (Live)

ပညာရည်ချွန်ဆု

သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ မူလတန်းလွန်ကျောင်း အမှတ်(၂)၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ သူငယ်တန်းတွင် ဒုတိယဆုရရှိသော မောင်ထက်ပိုင်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဝင်းက ဂုဏ်ပြုဆု ချီးမြှင့်စဉ်။

(ခရိုင် ပြန်/ဆက်)

အမေရိကန်၌ ရာဇဝတ်မှုများ ထူပြော အကျဉ်းသားဦးရေ စံချိန်တင်များပြား

နယူးယောက် မတ် ၁

အမေရိကန်နိုင်ငံ၌ အကျဉ်းချထားခြင်းခံရသူ အရေအတွက်သည် တရိပ်ရိပ်တိုးလာကြောင်း၊ ယင်းအရေအတွက်မှာ အရွယ်ရောက်သူလူဦးရေ၏ တစ်ရာခိုင်နှုန်းရှိကြောင်း အမေရိကန်အကျဉ်းသားများ ဆန်းစစ်လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

ယခုနှစ်အတွင်း အမေရိကန်နိုင်ငံ၌ လူပေါင်း ၂၃သမ ၃သန်းကျော်အား ဖမ်းဆီးခဲ့ကြောင်း ယင်းလေ့လာချက်တွင် ဖော်ပြသည်။ ၎င်းအရေအတွက်သည် တရုတ်၊ ရုရှားနှင့်အီရန်နိုင်ငံတို့ရှိ အကျဉ်းသားဦးရေများထက် ပို၍များသည်ဟုဆိုသည်။

အကျဉ်းသားများ တိုးပွားလာခြင်းသည် ကုန်ကျစရိတ် မြင့်တက်လာလျက်ရှိသည်။ ယင်းကဲ့သို့ အကျဉ်းသားများ တိုးပွားလာခြင်းသည် အမေရိကန်နိုင်ငံ၌ ရာဇဝတ်မှုခင်းများ တိုးပွားလာ၍ ဖြစ်သည်ဟုဆိုသည်။

အမေရိကန်နိုင်ငံရှိ ပြည်နယ် ၅၀တွင် လူ ၁၀၀၀၀၀လျှင် ၇၅၀အကျဉ်းကျနေကြောင်း ပြီးခဲ့သည့်နှစ်က အကျဉ်းသားများအား ကျွေးမွေးစရိတ်ကုန်ကျမှုမှာ အမေရိကန်ဒေါ်လာ ၄၉ဘီလီယံရှိသည် ဟုဆိုသည်။

(အင်တာနက်)

အိန္ဒိယနိုင်ငံ ဆရီနာဂါမြို့တောင်ဘက် ၇၅ကီလိုမီတာအကွာ ဆက်ဒ်ပိုရာကျေးရွာ၌ ဖေဖော်ဝါရီ ၂၉ရက်က အစိုးရတပ်ဖွဲ့များနှင့် ကက်ရှ်မီးယားဒေသ ပြောက်ကျားများ တိုက်ပွဲဖြစ်ပွားရာ ရွာသားများဘေးလွတ်ရာသို့ ထွက်ပြေးနေကြသည်ကို ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

အိတ်ချ်အိုင်ဗွီရောဂါ ဝေဒနာရှင်များ နေအိမ်၌ကုသခံယူမှု ပိုမိုထိရောက်

နိုင်ရိုဘီ မတ် ၁

အာဖရိကတိုက်ရှိ အိတ်ချ်အိုင်ဗွီရောဂါကူးစက်ခံနေရသော ဝေဒနာရှင်များသည် ဆေးရုံဆေးခန်းများ၌ ကုသမည့်အစား ယင်းတို့၏ နေအိမ်များတွင် ကုသမှုခံယူခဲ့ကြသဖြင့် သေဆုံးမှုလျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါအိတ်ချ်အိုင်ဗွီပိုင်းရပ်စ်ပိုးသည် အင်တီရီထရိုဗီရယ်ခေါ် အိတ်ချ်အိုင်ဗွီရောဂါသက်သာစေမည့်ဆေးများ အသုံးပြုခြင်းဖြင့် ၉၀ ရာခိုင်နှုန်း သေဆုံး မှုကို လျော့ကျစေနိုင်ကြောင်း ကင်ညာဆေးသုတေသနပညာရှင်များက ပြောကြားသည်။

ကျဆင်း

နေအိမ်များတွင် အိတ်ချ်အိုင်ဗွီရောဂါကုသမှု ခံယူခဲ့ကြသဖြင့် မိသားစုအတွင်း ကလေးသေဆုံးမှု သိသာစွာ ကျဆင်းသွားသည်ဟု ဆိုသည်။

ပြောကြား

ထိုနည်းအတိုင်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားလျှင် ပို၍ကောင်းလာနိုင်ကြောင်း အာဖရိက အိတ်ချ်အိုင်ဗွီကုသမှု ကျွမ်းကျင်ပညာရှင်တစ်ဦးက ပြောကြားသည်။

ဆက်လက်ပြောကြား

နောက်ဆုံးပေါ် အိတ်ချ်အိုင်ဗွီရောဂါကုသဆေးများသည် အစွမ်းထက်ထိရောက်မှုရှိပြီး အသက်ကိုပို၍ ရှည်စေနိုင်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ထိန်းချုပ်

နေအိမ်များ၌ ဆေးဝါးကုသမှုခံယူရန် မိသားစုဝင်များအား အိတ်ချ်အိုင်ဗွီနှင့်ပတ်သက်၍ အခြေခံသင်ကြားမှုများ သင်တန်းသွားရမည်ဖြစ်ကြောင်း ကင်ညာရောဂါထိန်းချုပ်ရေး အဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

အာဖရိကတိုက်ရှိအိတ်ချ်အိုင်ဗွီ ရောဂါကူးစက်ခံနေရသော ကလေးငယ် များ ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ် နိုင်ငံတော်တရားရုံးချုပ်က အာမခံဖြင့် ပြန်လွှတ်

ဗန်ကောက် မတ် ၁

ပြည်ပတွင် ၁၇လကြာနေထိုင်ရာမှပြန်လာသော ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်အား ထိုင်းနိုင်ငံတော်တရားရုံးချုပ်က ဖေဖော်ဝါရီ၂၈ရက်၌ အာမခံဖြင့် လွှတ်ပေးလိုက်သည်။

ကြေညာ

မစ္စတာသက်ဆင်အနေဖြင့် နိုင်ငံခြားသို့ သွားရောက်လိုက သွားရောက်နိုင်ကြောင်း၊ သို့သော် ခွင့်ပြုချက်ရယူရမည်ဟု နိုင်ငံတော်တရားရုံးချုပ်က ကြေညာသည်။

မစ္စတာသက်ဆင်အား ဘတ်ငွေ ရှစ်သန်းအာမခံဖြင့် ပြန်လွှတ်လိုက်သော်လည်း အဂတိလိုက်စားမှုဖြင့် စစ်ဆေးရန် မတ် ၁၂ရက်တွင် အမှုနှင့်ရင်ဆိုင်ရမည်ဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ပင်လယ်အတွင်း ၁၀နာရီကြာ ကူးခဲ့သူ

ဆစ်ဒနီ မတ် ၁

ဩစတြေးလျနိုင်ငံ အရှေ့ပိုင်းကမ်းခြေ၌ ဖေဖော်ဝါရီ ၂၈ရက်က ငါးဖမ်းစက်လှေတစ်စင်းနစ်မြုပ်ခဲ့ရာ ရေလုပ်သား တစ်ဦး**(ယာပုံ)**သည် ပင်လယ်သမုဒ္ဒရာကို ၁၀နာရီကျော်ကြာ ကူးခဲ့ပြီးနောက် ကမ်းခြေသို့ ရောက်ရှိလာသည်။

တွေ့ရှိ

ခြေကုန်လက်ပန်း ကျနေသော မစ္စတာဂျာရက် အမည်ရှိ အဆိုပါ ရေလုပ်သားအား ကမ်းခြေစောင့်များက တွေ့ရှိခဲ့သည်ဟု ဆိုသည်။

နစ်မြုပ်

ရေလုပ်သားသုံးဦး လိုက်ပါလာသော အဆိုပါစက်လှေသည် ဖေဖော်ဝါရီ ၂၇ရက်က ဘိုင်းယွန်းပင်လယ်အော်

အနီးအရှေ့ပိုင်းကမ်းခြေတွင် ကျောက်ဆောင်နှင့်တိုက်မိပြီး နစ်မြုပ်သွားခဲ့သည်။

ဆက်လက်ရှာဖွေ

ယင်းစက်လှေနစ်မြုပ်ပြီး နာရီအတန်ကြာတွင် ရေလုပ်သားမိုက်ကယ်ဝီလျံသည် နယူးဘရစ်တန်ကမ်းခြေသို့ ကူးခတ် ရောက်ရှိလာသည်။ စက်လှေသူကြီးချာလီပစ်တန်အား ကယ်ဆယ်ရေးအဖွဲ့က ရဟတ်ယာဉ်များဖြင့် ဆက်လက်ရှာဖွေနေသည်။

တွေ့ရှိခဲ့

မစ္စတာဂျာရက်အား တယ်လီနာအရှေ့မြောက်ကမ်းခြေ၌တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်းသည် လက်ပစ်ကူးခတ်ခဲ့ချိန် ၁၀နာရီအပါအဝင် ပင်လယ်အတွင်း နာရီပေါင်း ၃၀ကျော်ကြာ နေခဲ့ရသူ ဖြစ်သည်ဟု ဆိုသည်။

(အင်တာနက်)

အာဂျင်တီးနား၌ မိုးသည်းထန်စွာရွာသွန်း ဆက်သွယ်ရေးပြတ်တောက်

ဗျူနို့စ်အေရီးစ် မတ် ၁

အာဂျင်တီးနားနိုင်ငံ မြို့တော် ဗျူနို့စ်အေရီးစ်၌ ဖေဖော်ဝါရီ ၂၈ရက်မှစတင်ကာ မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့သဖြင့် မီးရထားလမ်းများ၊ လေကြောင်းသယ်ယူပို့ဆောင်မှုများနှင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွားခဲ့ရကြောင်း ထို့ပြင် လူ ၁၃၀ ကျော်ကို ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

အာဂျင်တီးနားနိုင်ငံ၏ အဓိကလေဆိပ်များဖြစ်သည့် အီဇီဇာလေဆိပ်နှင့် ဂျော့ဂ်ျနယူးဘယ်ရီလေဆိပ်များမှ လေယာဉ်အဆင်း၊ အတက်နှစ်ခုလုံး နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွားခဲ့သည်။

ဗျူနို့စ်အေရီးစ်မြို့ အချို့နေရာများတွင် ရေလွှမ်းမှုများ ဖြစ်ပွားခဲ့သဖြင့် ယာဉ်ကြောသွားလာမှုများကို များစွာထိခိုက်ခဲ့သည်။

ယခုရွာသွန်းလျက်ရှိသည့် မိုးမှာ မတ် ၂ရက်အထိ ဆက်လက်ရွာသွန်းမှာဖြစ်ကြောင်း မိုးလေဝသအေဂျင်စီက ပြောကြားသည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ် ဝါဆီဖာကီရ်ကာမာခရိုင်တွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော ကားတစ်စီး၏ မြင်ကွင်းကို ဖေဖော်ဝါရီ ၂၉ရက်က ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

ဈေးကြီးလိုက်တဲ့ ကြက်တူရွေး...

အိမ်မွေးတိရစ္ဆာန်များရောင်းသော ဆိုင်တစ်ဆိုင်အတွင်း ဝယ်သူတစ်ဦး ရောက်ရှိလာလေသည်။

ဝယ်သူ ။ ။ ကြက်တူရွေးတစ်ကောင်လောက် လိုချင်တယ်။
ဆိုင်ရှင် ။ ။ ရပါတယ်။ ဒီကြက်တူရွေးက ဒေါ်လာ ၅၀၀၊ ကွန်ပျူတာ ကောင်းကောင်းအသုံးပြုတတ်တယ်။
ဝယ်သူ ။ ။ တယ်ဟုတ်ပါလား။
ဆိုင်ရှင် ။ ။ ဒီကြက်တူရွေးက ရုပ်မြင်သံကြား ဖွင့်တတ်၊ ပိတ်တတ်ပြီး သီချင်းလည်း ဆိုနိုင်တယ်။ ဒေါ်လာ ၁၀၀၀ပါ။
ဝယ်သူ ။ ။ မဆိုးပါဘူး။
ဆိုင်ရှင် ။ ။ ဒီကြက်တူရွေးကတော့ ဒေါ်လာ ၃၀၀၀ပါ။
ဝယ်သူ ။ ။ ဈေးကြီးလိုက်တာ…။ သူကကော ဘာတတ်ပါသလဲ။
ဆိုင်ရှင် ။ ။ ဘာမှတော့မတတ်ဘူး။
ဝယ်သူ ။ ။ ဟင်…. ဘာဖြစ်လို့ ဈေးကြီးတာလဲ။
ဆိုင်ရှင် ။ ။ မနက်တိုင်း ဟိုကြက်တူရွေးနှစ်ကောင်က သူ့ကို ဆရာကြီးလို့ခေါ်နေလို့ပါ။

2-3-2008 (04).pmd 1 3/2/2008, 12:42 AM

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဗြိတိန်နိုင်ငံ အီလီမြို့၌ ဖေဖော်ဝါရီ ၂၈ ရက်က ပလတ်စတစ် နို့ပုလင်း ၁၄၁၀၀ ဖြင့် အရှည် ၁၁၈ ဒသမ ၁၁၀ ပေ ရှိသည့် တံတား တစ်စင်းကို အီလီမြို့သားတို့က စုပေါင်း ပြုလုပ်ခဲ့ကြရာ အဆိုပါ တံတားသည် ကမ္ဘာပေါ်၌ ပလတ်စတစ်ပုလင်းများဖြင့် ပြုလုပ်ထားသော အရှည်ဆုံးတံတား တစ်စင်း အဖြစ် ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ ချုံကျင်းမြို့တွင် အသက် ၄၇နှစ်အရွယ် ဟီကီလွန် အမည်ရှိ တရုတ်အမျိုးသား တစ်ဦး တီထွင်ထားသည့် မော်တော်ဆိုင်ကယ် အဖြစ်လည်းကောင်း၊ ရဟတ်ယာဉ် တစ်စင်းအဖြစ်လည်းကောင်း အသုံးပြုနိုင်သည့်ယာဉ်ကို ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်တီယာဂိုမြို့၌ ကြောင်တစ်ကောင်ကို ပေါင် ၁၂၀၀၀ ဖြင့် တိရစ္ဆာန်ချစ်သူတစ်ဦးက ဝယ်ယူသွားရာ ကမ္ဘာ့ဈေးအကြီးဆုံး ကြောင်တစ်ကောင်အဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဖေဖော်ဝါရီ ၂၈ရက်က ဖော်ပြခဲ့သည်။ (အဆိုပါကြောင်၏ခန္ဓာကိုယ်မှာ ခွေးတစ်ကောင်ကဲ့သို့ရှိပြီး မျက်လုံးနှင့်ခန္ဓာကိုယ်အမွေးများက ကျားတစ်ကောင်ကဲ့သို့ တွေ့ရသည်။) **(အင်တာနက်ဓာတ်ပုံ)**

ဘင်္ဂလားဒေ့ရှ်၌ ဖွင့်လှစ်မည့် နိုင်ငံတကာစစ်လေ့ကျင့်ခန်း ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်များ စေလွှတ်မည်

ဖနောင်ပင် ဖေဖော်ဝါရီ ၂၉

ကမ္ဘောဒီးယားအစိုးရသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြုလုပ်မည့် နိုင်ငံတကာ စစ်ရေးလေ့ကျင့်ရာသို့ ၎င်းတို့၏ တပ်ဖွဲ့ဝင်များကို စေလွှတ်မည်ဖြစ်ကြောင်း အမျိုးသားရုပ်မြင်သံကြားဌာန တီဗွီကေက ဖေဖော်ဝါရီ ၂၇ ရက်၌ သတင်းထုတ်ပြန်သည်။

ဖော်ပြ

ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်များသည် ၎င်းတို့၏လေ့ကျင့်ရေးသင်တန်းများကို အမေရိကန်ရေတပ်၏ အကူအညီဖြင့် အာရှ-ပစိဖိတ်ဒေသအတွက် လေ့ကျင့်မှု ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ထိပ်တန်းအရာရှိ တစ်ဦးဖြစ်သူ ဆင်မ်ဆိုဗန်နီ၏ ပြောကြားချက်ကို ကိုးကား၍ ယင်းသတင်း၌ ဖော်ပြခဲ့သည်။

အဆိုပါသင်တန်းကို ပစိဖိတ်ဒေသတွင်း ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေး ပူးပေါင်းဆောင်ရွက်မှုဟု အမည်ပေးထားသည်။

ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်အချို့သည် ယခင်နှစ်က မွန်ဂိုလီးယားနိုင်ငံတွင် ဖွင့်လှစ်ခဲ့သည့် နိုင်ငံတကာ စစ်ရေးလေ့ကျင့်မှုသင်တန်းသို့ တက်ရောက်ခဲ့ပြီး အချို့မှာ ဆူဒန်နိုင်ငံတွင် မိုင်းရှင်းလင်းရေးကဲ့သို့သော လူသားချင်းစာနာကယ်တင်သည့်လုပ်ငန်းများသို့ သွားရောက်ကူညီခဲ့ကြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

လက်ကိုင်ဖုန်းပြောရင်း ကားမောင်းခဲ့၍ ...

ကနေဒါနိုင်ငံ တိုရွန်တိုမြို့အနီးတွင် ဖေဖော်ဝါရီ ၂၉ရက်က ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် အမျိုးသမီးငယ် ငါးဦးသေဆုံးသွားခဲ့ကြောင်း တိုရွန်တိုရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ တိုရွန်တိုမြို့ပြင် အဝေးပြေးလမ်းမကြီးပေါ်တွင် အရှိန်ပြင်းစွာ မောင်းနှင်လာသော အမျိုးသမီးငယ်ငါးဦး လိုက်ပါလာသည့် မော်တော်ကား၌ ယာဉ်မောင်းအမျိုးသမီးငယ်က လက်ကိုင်ဖုန်းပြောရင်း ရှေ့မှကားတစ်စီးကို အရှိန်မြင့်ကျော်တက်ရာ မျက်နှာချင်းဆိုင်မှကားတစ်စီးနှင့် ရင်ဆိုင်တိုက်မိခဲ့သဖြင့် အဆိုပါအမျိုးသမီးငယ်ငါးဦး ပွဲချင်းပြီးသေဆုံးခဲ့ခြင်း ဖြစ်သည်။

ဤဖြစ်ရပ်သည် လက်ကိုင်ဖုန်းပြောရင်း မော်တော်ယာဉ်ကို အရှိန်ပြင်းစွာ မောင်းနှင်ခြင်းမပြုရန် သတိပြုသင့်ကြောင်း သင်ခန်းစာပေးလျက် ရှိသည်။

မောင်မောင်မြင့်ဆွေ

မာလာဝီ သမ္မတနိုင်ငံ

သတင်းအက်ဆေး

မာလာဝီသမ္မတနိုင်ငံသည် အာဖရိကတိုက် အရှေ့တောင်ဒေသတွင် တည်ရှိသည်။ မာလာဝီသမ္မတနိုင်ငံမှာ အပျော်အပါး လိုက်စားနေတတ်သည့် ရာသက်ပန်သမ္မတ ကာမူဇူဘန်ဒါ၏ အကြွင်းမဲ့အာဏာရှင်စနစ် ကျင့်သုံးသော အုပ်ချုပ်ရေးစနစ်အောက်တွင် နှစ်ပေါင်း၃၀ကြာခဲ့သည်။ သမ္မတဘန်ဒါသည် သူ့အုပ်ချုပ်ရေးကိုတော့ အထိမခံ။ ဝေဖန်လာသူမှန်သမျှကို နိုင်ငံတော် သစ္စာဖောက်မှုဖြင့် စွဲချက်တင်ရန် ပြည်သူတို့ကို သွေးထိုးပေးထားသည်။ ၁၉၉၀ ပြည့်လွန်နှစ်များအရောက်တွင် ပြည်သူတို့၏ ဆန္ဒကို မလွန်ဆန်နိုင်တော့ဘဲ ရွေးကောက်ပွဲ ကျင်းပပေးလိုက်ရသည်။

ဖယ်ရှား

ထိုအခါ မာလာဝီပြည်သူတို့သည် ပါတီစုံဒီမိုကရေစီစနစ်၏ အရသာကို စတင်မြည်းစမ်းကြည့်မိလာရတော့သည်။ သမ္မတဘန်ဒါခေတ်က ဖိနှိပ်ချုပ်ချယ်ပုံ အမျိုးမျိုးကို သူ့ရာထူးဆက်ခံသည့် ဘာကီလီမူလူဇီက ဖယ်ရှားပစ်လိုက်ပြီ ဖြစ်သည်။

တွာနှင့်ဖူလာနီလူမျိုးစုများနေထိုင်သည့် ဤဒေသသို့ ဘန်တုစကားပြောလူမျိုးစုများ ကျူးကျော်ဝင်ရောက်လာသည့်အချိန်မှာ တစ်ရာစုနှစ်ဖြစ်သည်။ ၁၃ရာစုနှင့်၁၅ရာစုကြားတွင် ဘန်တုစကားပြောလူမျိုးစုများ ထပ်မံ၍ အလုံးအရင်းဖြင့် ရောက်ရှိလာပြန်သည်။ ၁၄၈၀ပြည့်နှစ်တွင် ဘန်တုလူမျိုးစုများက မာရာဗီနိုင်ငံအဖြစ် ပြည်နယ်လေးများကို စုပေါင်းထူထောင်လိုက်သည်။ လက်ရှိ မာလာဝီနိုင်ငံအပြင် ဇမ်ဘီယာနှင့် မိုဇမ်ဘစ်နိုင်ငံတို့၏ အချို့အပိုင်းများ ပါဝင်သည်။

လမ်းပွင့်

၁၉၇၀ပြည့်နှစ်မှ ၁၈၆၀ပြည့်နှစ်အထိ ကျွန်အရောင်းအဝယ်မှာ သိသာထင်ရှားစွာ ကြီးထွားခဲ့သည်။ ၁၈၅၀ပြည့်နှစ်တွင် စကော့တလန်သာသနာပြု ဒေးဗစ်လစ်ဗင်းစတုန်း ရောက်လာပြီးနောက် ဥရောပသာသနာပြုများ၊ ကုန်သည်များအတွက် လမ်းပွင့်သွားသည်။ ၁၈၉၁ခုနှစ်တွင် ဤဒေသအတွင်း ညာဆာလင်းနှင့်ခရိုင် အထိန်းသိမ်းခံနိုင်ငံအဖြစ် ဗြိတိန်က ထူထောင်လိုက်သည်။ ၁၈၉၃ခုနှစ်တွင် ဗြိတိန်သျှုဗဟိုအာဖရိက အထိန်းသိမ်းခံနိုင်ငံဟူ၍ အမည်ပြောင်းလိုက်သည်။ ဥရောပမှ လာရောက်အခြေချသူများအား ကော်ဖီစိုက်ပျိုးရေးအတွက် အဖိုးနှုန်းချိုသာစွာဖြင့် မြေယာရောင်းချသည်။ ၁၉၀၇ခုနှစ်တွင် ဗြိတိသျှုဗဟိုအာဖရိက အထိန်းသိမ်းခံနိုင်ငံအဖြစ်မှ ညာဆာလင်းနိုင်ငံဖြစ်လာသည်။ ၁၉၁၅ခုနှစ်တွင် ဗြိတိန်အုပ်ချုပ်မှုတော်လှန်ရေးတွင် ဘုန်းတော်ကြီး ဂျွန်ချီလင်ဘွေး ဦးဆောင်သည့်အတွက် ၎င်းအားရဲတပ်ဖွဲ့က ပစ်သတ်လိုက်သည်။

၁၉၄၄ခုနှစ်တွင် အမျိုးသားရေးဝါဒီများက ညာဆာလင်းအာဖရိက ကွန်ဂရက်ကို ထူထောင်သည်။ ၁၉၅၉ခုနှစ်တွင် ကွန်ဂရက်ထောက်ခံသူများနှင့် ကိုလိုနီအာဏာပိုင်များအကြား ပဋိပက္ခကြီးထွားလာပြီး ကွန်ဂရက် ခေါင်းဆောင်တစ်ဦးဖြစ်သူ ဒေါက်တာကာမူဇူဘန်ဒါ အဖမ်းခံရသည်။ အရေးပေါ်အခြေအနေ ကြေညာသည်။

ခန့်အပ်

ထိုနှစ်တွင် မာလာဝီကွန်ဂရက်ပါတီကို ညာဆာလင်းကွန်ဂရက်ပါတီ၏ကိုယ်ပွားပါတီအဖြစ် ဖွဲ့စည်းလိုက်သည်။ ၁၉၆၃ခုနှစ်တွင် ညာဆာလင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေအဖြစ် သတ်မှတ်ပြီး မစ္စတာဘန်ဒါကို ဝန်ကြီးချုပ် ခန့်အပ်သည်။

တင်မြှောက်

၁၉၆၄ခုနှစ် ဇူလိုင်လတွင် ညာဆာလင်းနိုင်ငံက မာလာဝီနိုင်ငံအဖြစ်ဖြင့် လွတ်လပ်ရေး ကြေညာသည်။ ၁၉၇၁ခုနှစ်တွင် မစ္စတာဘန်ဒါအား ရာသက်ပန် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။ ၁၉၈၀ပြည့်လွန်နှစ်များအတွင်းတွင် ဝန်ကြီးသုံးလေးဦးနှင့် နိုင်ငံရေးသမားများကို နိုင်ငံတော်သစ္စာဖောက်မှုဖြင့် စွဲချက်တင်ခြင်း သို့မဟုတ် သတ်ဖြတ်ခြင်းများ ရှိလာသည်။ နိုင်ငံရေးပြိုင်ဘက်ပေါ်ထွက်မလာစေရန် သမ္မတဘန်ဒါက အစိုးရအဖွဲ့ဝင် ဝန်ကြီးများကို အပြောင်းအလဲ ပုံမှန်လုပ်သည်။ ၁၉၉၃ခုနှစ်တွင် သမ္မတဘန်ဒါ နာမကျန်းဖြစ်သည်။ ၁၉၉၄ခုနှစ်ရွေးကောက်ပွဲတွင် ညီညွတ်သော ဒီမိုကရေစီတပ်ဦး (ယူဒီအက်ဖ်) ခေါင်းဆောင် ဘာကီလီမူလူဇီ သမ္မတအဖြစ် ရွေးချယ်ခံရသည်။ မစ္စတာဘန်ဒါက နိုင်ငံရေးမှ အနားယူကြောင်းကြေညာသည်။ ၁၉၉၇ခုနှစ်တွင် မစ္စတာဘန်ဒါ တောင်အာဖရိကနိုင်ငံ၌ ကွယ်လွန်သည်။

စိမ့်မြေများ၊ ရေကန်များမှသည် တောင်စွယ်တောင်တန်းများနှင့် သစ်တောများ၊ သဘာဝဥယျာဉ်များက မာလာဝီနိုင်ငံ၏ သဘာဝအလှအပ အရင်းအမြစ်များဖြစ်သည်။ နိုင်ငံခြားသားများအား ဖိတ်ခေါ်ဆွဲဆောင်နိုင်သည့် ရတနာများလည်း ဖြစ်ပါသည်။

၁၉၉၉ခုနှစ်တွင် မူလူဇီသမ္မတအဖြစ် ပြန်လည်အရွေးခံရသည်။ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် သမ္မတမူလူဇီက ယူဒီအက်ဖ်ပါတီမှ နုတ်ထွက်ပြီး ဒီမိုကရက်တစ်တိုးတက်ရေးပါတီ (ဒီပီပီ) ပါတီကို ထူထောင်သည်။ ၂၀၀၆ ခုနှစ် ဇူလိုင်လတွင် အဂတိလိုက်စားမှုဖြင့် သမ္မတဟောင်း မူလူဇီအဖမ်းခံရသည်။

အတွေ့အကြုံရှိ

၂၀၀၄ ခုနှစ် ရွေးကောက်ပွဲတွင် ယူဒီအက်ဖ်ပါတီမှ ဘင်ဂူဝါမူသာရီကာ အနိုင်ရပြီး ထိုနှစ်မေလ ၂၄ရက်တွင် ကျမ်းသစ္စာကျိန်ဆို ရာထူးလက်ခံသည်။ သူသည် စီးပွားရေးပညာရှင်တစ်ဦးဖြစ်ပြီး နိုင်ငံတကာ အတွေ့အကြုံရှိသူလည်းဖြစ်သည်။

ပြဿနာ

ဆင်းရဲမွဲတေမှု၊ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားမှုပျံ့နှံ့ခြင်း အပါအဝင် လူမှုရေးပြဿနာများမှာ သမ္မတမူသာရီကာ ကိုင်တွယ်ဖြေရှင်းရမည့် ပြဿနာများဖြစ်သည်။ မာလာဝီပြည်သူများမှာ ဝမ်းစာ ဖူလုံရေးအတွက်သာ စိုက်ပျိုးထွက်ရှိသဖြင့် စားနပ်ရိက္ခာအကျပ်အတည်းရှိသည်။

ဖိတ်ခေါ်ဆွဲဆောင်

စိမ့်မြေများ၊ ရေကန်များမှသည် တောင်စွယ်တောင်တန်းများနှင့် သစ်တောများ၊ သဘာဝဥယျာဉ်များက မာလာဝီနိုင်ငံ၏ သဘာဝအလှအပ အရင်းအမြစ်များဖြစ်သည်။ နိုင်ငံခြားသားများအား ဖိတ်ခေါ်ဆွဲဆောင်နိုင်သည့် ရတနာများလည်း ဖြစ်ပါသည်။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဟီလာရီကို ထောက်ခံခဲ့သူ ဂျော်ဂျီယာအမတ် ဂျွန်လူဝစ် ပြိုင်ဘက် အိုဘားမားကို ပြောင်းလဲထောက်ခံလိုက်ပြီ

ဝါရှင်တန် မတ် ၁

ယခုအခါ အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီကိုယ်စားလှယ်လောင်းနှင့် ရီပတ်ဘလီကင်ပါတီ ကိုယ်စားလှယ်လောင်းနေရာနှစ်ခုအတွက် အသီးသီးမဲဆွယ်စည်းရုံးလျက်ရှိသည်။ ဒီမိုကရက်တစ်ပါတီကိုယ်စားလှယ်လောင်းဖြစ်ရေးအတွက် အထက်လွှတ်တော်အမတ်များ ဖြစ်ကြသည့် ဟီလာရီကလင်တန်နှင့် အိုဘားမားတို့အကြိတ်အနယ် ကြိုးပမ်းစည်းရုံးနေစဉ် ထင်ရှားသော လူမည်းခေါင်းဆောင်တစ်ဦးသည် မူလက ဟီလာရီကလင်တန် (အောက်ယာပုံ)**ကို ထောက်ခံနေခဲ့ရာမှ ယခုအခါ အိုဘားမားကို ပြောင်းလဲထောက်ခံလိုက်သည်။**

အမတ်တစ်ဦးဖြစ်

ထိုလူမည်းခေါင်းဆောင်မှာ ဂျော်ဂျီယာပြည်နယ်မှ ဒီမိုကရက်တစ်ကွန်ဂရက်အမတ်တစ်ဦးဖြစ်သည့်ပြင် ပြည်သူများ ရပိုင်ခွင့်တိုက်ပွဲဝင် တောင်းဆိုသူခေါင်းဆောင်တစ်ဦးဖြစ်သူ ဂျွန်လူဝစ် ဖြစ်သည်။

ပြောင်းလဲထောက်ခံ

ဟီလာရီကလင်တန်နှင့် အိုဘားမားတို့ ရုပ်မြင်သံကြားစကားစစ်ထိုးပွဲအပြီး နောက်တစ်ရက်တွင် ဂျွန်လူဝစ်က အိုဘားမားကို ပြောင်းလဲထောက်ခံလိုက်ခြင်းဖြစ်သည်။

ရှင်းလင်းပြောကြား

မစ္စတာ လူဝစ်က သူ့ဘက်ပြောင်းထောက်ခံမှုနှင့် ပတ်သက်၍ ပြောကြားရာတွင် အမေရိကန်ပြည်သူများက အမေရိကန်နိုင်ငံရေး အပြောင်းအလဲဖြစ်မည့်နေ့ကို မျှော်နေကြကြောင်း၊ အထက်လွှတ်တော်အမတ် အိုဘားမားကို ပြောင်းလဲမှု လက္ခဏာတစ်ရပ်အဖြစ် သူတို့ရှုမြင်သည်ဟု မိမိထင်မြင်ကြောင်း ရှင်းလင်းပြောကြားသည်။

ဖိအားပေး

မစ္စတာလူဝစ်တစ်ယောက် ယင်းကဲ့သို့ အိုဘားမားကို ပြောင်းလဲထောက်ခံလိုက်ခြင်းမှာ အကြီးအကျယ်ဖိအားပေးခံရခြင်းကြောင့် ဖြစ်နိုင်သည်ဟု မိမိထင်မြင်သဘောပေါက်ကြောင်း ဟီလာရီကလင်တန်က ဝေဖန်ပြောကြားသည်။

မစ္စတာလူဝစ်၏ ထောက်ခံမှုရရှိသည့်အတွက် မိမိများစွာ ဂုဏ်ယူမိကြောင်း အိုဘားမားက ပြောကြားသည်။ **(အင်တာနက်)**



မလေးရှား၏ ကားရောင်းချရမှု ဇန်နဝါရီလတွင် မြင့်တက်ခဲ့

ကွာလာလမ်ပူ မတ် ၁

မလေးရှားနိုင်ငံ၏ ကားသစ်ရောင်းချရမှုသည် ဇန်နဝါရီလတွင် နှစ်အလိုက် ၃၁ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း မလေးရှားမော်တော်ကားအသင်း(အေအေအေ)က ပြောကြားသည်။

ဇန်နဝါရီလတွင် မလေးရှားနိုင်ငံ၏ မော်တော်ကား ရောင်းချရမှုမှာ ၂၀၀၇ခုနှစ် အလားတူလက ကားစီးရေ ၃၅၀၄၇စီး ရောင်းချခဲ့ရာမှ ဇန်နဝါရီလ၌ ကားရောင်းချရမှု စီးရေ ၄၅၈၂၈စီး ရောင်းချခဲ့ရကြောင်း ဖေဖော်ဝါရီ ၂၇ရက်က ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

ရေးသားဖော်ပြ

၂၀၀၈ခုနှစ် ဖေဖော်ဝါရီလက ရောင်းချရမှုသည် ဇန်နဝါရီလကထက် အနည်းငယ်ကျဆင်းဖွယ်ရှိကြောင်း၊ အကြောင်းမှာ အလုပ်ချိန်တိုတောင်းသောကြောင့်ဖြစ်ကြောင်း (အေအေအေ)၏ ပြောကြားချက်ကို စထရိတ်တိုင်းမ်သတင်းစာက ဖော်ပြသည်။

တိုးတက်လာ

ယခုနှစ်ဖေဖော်ဝါရီလ ကားရောင်းချမှုသည် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလကထက် မြင့်တက်လာလိမ့်မည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကင်ညာသမ္မတနှင့် အတိုက်အခံခေါင်းဆောင် အကျပ်အတည်း အဆုံးသတ်ရေးသဘောတူညီ

နိုင်ရိုဘီ မတ် ၁

ကင်ညာနိုင်ငံသမ္မတရွေးကောက်ပွဲအပြီး အကျပ်အတည်း အဆုံးသတ်ရေး သဘောတူညီချက်ကို ကင်ညာသမ္မတ ကီဘာကီနှင့် အတိုက်အခံခေါင်းဆောင် အိုဒင်ဂါတို့ လက်မှတ်ရေးထိုးလိုက်ကြပြီ ဖြစ်သည်။

လက်မှတ်ရေးထိုး

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအန်နန်ကြားဝင်စေ့စပ်ပေးသည့် အာဏာခွဲဝေရေးသဘောတူညီချက်ကို သမ္မတ ကီဘာကီနှင့် မစ္စတာ အိုဒင်ဂါတို့က နိုင်ရိုဘီမြို့တော်၌ လက်မှတ်ရေးထိုးလိုက်ကြခြင်း ဖြစ်သည်။

ဖွဲ့စည်းမည်

ယခုအခါ လက်ရှိအာဏာရ ပါတီနှင့် အတိုက်အခံပါတီမှ အဖွဲ့ဝင်များ ပါဝင်သည့် ညွန့်ပေါင်းအစိုးရသစ်ကို ဖွဲ့စည်းတော့မည် ဖြစ်သည်။

စိုးရိမ်နေ

မကြာမီ ရက်သတ္တပတ်အနည်းငယ်က အကြမ်းဖက်မှုလျော့နည်းသွားသော်လည်း သဘောတူညီချက်မရလျှင် ပြန်လည် ဆူပူအကြမ်းဖက်လာမည်ကို စိုးရိမ်နေကြရသည်။ (အင်တာနက်)

လက်ဘနွန်ကမ်းခြေ၌ ကန်စစ်သင်္ဘောဆိုက်ကပ်ထားမှု ဒေသတွင်းလုံခြုံရေး ခြိမ်းခြောက်ဟု ဟစ်ဇ်ဘိုလာပြောကြား

ဘေရွတ် မတ် ၁

လက်ဘနွန်နိုင်ငံ ကမ်းခြေတွင် အမေရိကန်စစ်သင်္ဘော (အောက်ပုံ)**လာရောက်ဆိုက်ကပ်ထားခြင်းသည် လက်ဘနွန်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ခြိမ်းခြောက်နေခြင်းဖြစ်ကြောင်း ဟစ်ဇ်ဘိုလာတာဝန်ရှိသူများက ပြောကြားသည်။**

လက်ဘနွန်နိုင်ငံ၌ နိုင်ငံရေးအကျပ်အတည်းကြောင့် အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်မြင့်လာလျက်ရှိသည်။ **(အင်တာနက်)**

အမေရိကန်က ဒေသတွင်း တည်ငြိမ်ရေးအထောက်အကူပြုနိုင်ရန် မြေထဲပင်လယ်အရှေ့ပိုင်းဒေသသို့ စစ်သင်္ဘောသုံးစင်း စေလွှတ်ထားသည်။

ကြိုးပမ်း

အမေရိကန်၏ လုပ်ဆောင်ချက်သည် လက်ဘနွန်နိုင်ငံ တည်ငြိမ်ရေးနှင့် ဒေသတွင်း လုံခြုံရေးကို ခြိမ်းခြောက်နေကြောင်း၊ ယင်းကဲ့သို့ လုပ်ဆောင်ခြင်းသည် တင်းမာမှုများဖြစ်လာရန် ကြိုးပမ်းချက်သာဖြစ်ကြောင်း ဟစ်ဇ်ဘိုလာထိပ်တန်းတာဝန်ရှိသူ ဟာက်ဆန်ဖက်ဒ်လားက ပြောကြားသည်။

သက်တမ်းကုန်

လက်ဘနွန်နိုင်ငံ၌ ဆီးရီးယားကိုလိုလားသည့် အီမီလီလာဟွတ် သမ္မတသက်တမ်းကုန်ဆုံးသွားခဲ့၍ နိုဝင်ဘာ ၂၄ ရက်မှစပြီး လက်ဘနွန်သမ္မတမရှိဘဲ ဖြစ်နေသည်။

မအောင်မြင်

သမ္မတရွေးကောက်ပွဲကျင်းပရန် အကြိမ်ကြိမ် ကြိုးစားသော်လည်း မအောင်မြင် ဖြစ်နေရသည်။ သို့သော်လည်း မတ် ၁၁ ရက်တွင် သမ္မတရွေးကောက်ပွဲ ကျင်းပရန် စီစဉ်ထားသည်။

ကက်ရှ်မီးယား၌ ဆီးနှင်းများထူထပ်စွာကျဆင်း ရှားပါးဆိတ်များ ရာနှင့်ချီ၍ သေဆုံးခဲ့

ကက်ရှ်မီးယား မတ် ၁

အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားဒေသ၌ ဆီးနှင်းများထူထပ်စွာကျဆင်းခဲ့သဖြင့် ရှားပါးဟိမဝန္တာဆိတ်အကောင် ၆၀၀ခန့် သေဆုံးသွားကြောင်း ဖေဖော်ဝါရီ ၂၉ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

သေဆုံး

ထို့အပြင် အဆိုပါဒေသ၌ အနှစ် ၃၀ အတွင်း အဆိုးရွားဆုံး ဆီးနှင်းများ ထူထပ်စွာ ကျဆင်းခဲ့သဖြင့် ထောင်ပေါင်းများစွာသောဆိတ်များ**(အောက်ပုံ)** ထပ်မံ သေဆုံးရမည့် ဘေးအန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြတ်လပ်

အဆိုပါ ရှားပါးဆိတ်များသေဆုံးမှုသည် တိုးလာနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဆိတ်ကောင်ရေ ၆၀၀၀၀၀ ရှိသည့် တီဂါဇောင်းဒေသ၌ အဆိုးရွားဆုံး အစာရေစာပြတ်လပ်မှု ကြုံတွေ့နေရသည်ကို ဒေသတာဝန်ရှိသူများက လိုအပ်သည့်အရေးပေါ် အကူအညီ မပေးနိုင်၍ ဖြစ်သည်ဟု ဆိုသည်။

ကျဆင်းနေ

အိန္ဒိယနှင့် တရုတ်နယ်စပ်တွင်လည်းရှားပါးဆိတ်ကောင်ရေ ၁၅၀၀၀၀ ရှိရာ အပူချိန်မှာ အနုတ် ၄ ဒီဂရီဖာရင်ဟိုက်အထိ ကျဆင်းနေ၍ သေဆုံးမှုများ ဖြစ်လာနိုင်သည်ဟု ဆိုသည်။

ပြောကြား

ယင်းဆိတ်ကောင်ရေ ၆၀၀၀၀၀ အနက်မှ အရေးပေါ် အကူအညီမပေးနိုင်လျှင် ကောင်ရေ ၁၀၀၀၀၀ခန့် သေဆုံးနိုင်ကြောင်း ဒေသနေလယ်သမားများက ပြောကြားသည်။

(အင်တာနက်)

ယခုနှစ်၌ အင်ဒိုနီးရှား သကြား ပိုမိုထုတ်လုပ်မည်

ဂျကာတာ မတ် ၁

အင်ဒိုနီးရှားနိုင်ငံ၏ သကြားထုတ်လုပ်မှုသည် ၂၀၀၇ ခုနှစ်က သကြားတန်ချိန်သန်းပေါင်း ၂ ဒသမ ၄၄သန်း ထုတ်လုပ်ခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် သန်းပေါင်း ၂ ဒသမ ၇ သန်းမှ ၂ ဒသမ ၇၉ သန်းအထိ ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားကြောင်း သကြားထုတ်လုပ်ရေးအသင်းက ဖေဖော်ဝါရီ ၂၇ရက်၌ ပြောကြားသည်။

ခန့်မှန်းခဲ့

ယင်းကဲ့သို့ ခန့်မှန်းရခြင်းမှာ နိုင်ငံတစ်ဝန်း ကြံစိုက်ပျိုးဟက်တာ ၄၃၃၀၀ရှိရာမှ ကြံတန်ချိန် ၃၆ ဒသမ ၃ သန်း ထွက်ရှိရန် ခန့်မှန်းထားမှုအပေါ် တွက်ချက်ခန့်မှန်းခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားသကြား ထုတ်လုပ်ရောင်းချရေးအဖွဲ့က ပြောကြားသည်။ မိမိတို့သည် ၂၀၀၈ ခုနှစ်အတွင်း သကြားစိုက်ပျိုးမှုတစ်ဟက်တာလျှင် ကြံတန်ချိန် ၆ ဒသမ ၄၄ တန် ထွက်ရှိရန် မျှော်မှန်းထားကြောင်း အင်ဒိုနီးရှား သကြားစိုက်ပျိုးထုတ်လုပ်သူများအသင်း ဒုတိယညွှန်ကြားရေးမှူးချုပ် အဒစ်ဆူဝမ်ဒီက ပြောကြားသည်။

ထုတ်လုပ်နိုင်

ပြီးခဲ့သည့်နှစ်က အင်ဒိုနီးရှားနိုင်ငံရှိ သကြားစက် ၅၇စက်တွင် သကြားစိုက်ဟက်တာ ၄၂၆၀၀၀မှ ကြံတန်ချိန် ၃၃ ဒသမ ၂၇ သန်း ထုတ်လုပ်ခဲ့ရာမှ သကြားတန်ချိန် ၂ဒသမ၄၄သန်း ထုတ်လုပ်နိုင်ခဲ့သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

◆ **ပီရူးနိုင်ငံ တာပီချီမြစ်အတွင်း မတ် ၁ရက်က ခရီးသည်စက်လှေတစ်စင်း နစ်မြုပ်ခဲ့ရာ ၁၅ဦးသေဆုံးပြီး ၂၀ပျောက်ဆုံးလျက် ရှိသည်။**

❒ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့အနောက်မြောက်ပိုင်း၌ မတ် ၁ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေးဦးဒဏ်ရာရရှိခဲ့သည်။

◆ **ကာဇက်စတန်နိုင်ငံ အယ်လ်မာတီမြို့၌ ဖေဖော်ဝါရီ ၂၉ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုဖြစ်ပွားရာ နေအိမ်များစွာ ရေနစ်မြုပ်ခဲ့ပြီး ဒေသခံ ၁၂၀၀၀ကျော် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရသည်။**

❒ အီကွေဒေါနိုင်ငံ ကွီတိုမြို့အရှေ့ဘက် မိုင်၆၀ခန့်အကွာ အင်ဒီအန်အရပ်၌ ဖေဖော်ဝါရီ ၂၉ရက်က မြေပြိုမှုဖြစ်ပွားရာ ရေနံပိုက်လိုင်းတစ်ခု ကျိုးပြတ်သွားခဲ့သည်။

◆ **အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရီးစ်မြို့၌ ဖေဖော်ဝါရီ ၂၉ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ရာ အီဇိုင်ဇာလေဆိပ်ဝန်းကျင်နှင့် ရထားလမ်းများပါ ရေလွှမ်းခဲ့သဖြင့် လေယာဉ်ခရီးစဉ်အချို့နှင့် ရထားသွားလာမှုများ နှောင့်နှေးကြန့်ကြာခဲ့သည်။**

❒ ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့မှ ကာဒမ်မြို့သို့ မောင်းနှင်လာသော ရထားတစ်စင်း ဖေဖော်ဝါရီ ၂၉ရက်က မီးလောင်မှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။ **(အပေါ်ပုံ)**

◆ **သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ဖေဖော်ဝါရီ ၂၉ရက်က ကုန်လှောင်ရုံတစ်ရုံ မီးလောင်မှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။**

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁-၃-၂၀၀၈

ရုရှားသမ္မတ ရွေးချယ်ပွဲစတင်

ရုရှားသမ္မတရွေးချယ်ပွဲကို ယနေ့စတင်ပြုလုပ်မည်ဖြစ်ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

ရုရှားသမ္မတလောင်းအဖြစ် လေးဦးယှဉ်ပြိုင်ရန်ရှိနေရာ လက်ရှိသမ္မတပူတင် ထောက်ခံထားသော ဒီမင်ထရီမီဒီဗက်၊ ရုရှားကွန်မြူနစ်ပါတီမှ သမ္မတလောင်း ဂန်နာဒီဇူကာနော့ဗ်၊ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဗလာဒီမာဇိုင်ရီနော့ဗ်စကီး၊ ဒီမိုကရက်တစ်ပါတီခေါင်းဆောင် အင်ဒရီဘော့ဒါနော့ဗ်တို့ ယှဉ်ပြိုင်အရွေးခံကြမည်ဖြစ်သည်။

အီရတ်မြောက်ပိုင်းမှ တူရကီတပ် ရုပ်သိမ်း

အီရတ်မြောက်ပိုင်းသို့ ကာ့ဒ်သူပုန်များကို ဝင်ရောက်တိုက်ခိုက်နေသော တူရကီတပ်များ၏ စစ်ဆင်ရေးအား အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း တူရကီစစ်ဘက်အရာရှိများက ပြောကြားသည်။

အီရတ်မြောက်ပိုင်းသို့ ဝင်ရောက်တိုက်ခိုက်နေသော တူရကီတပ်ဖွဲ့ဝင်များကိုလည်း ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေး မြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းများ ဆက်လက်တိုးမြင့်လျက်ရှိကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)က သတင်းထုတ်ပြန်သည်။

အမေရိကန်ဈေးကွက်၌ ရေနံစိမ်းတစ်စည်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၀၃ဒေါ်လာအထိ ဈေးမြင့်တက်လာသည်ဟု အိုပက်အရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်း မြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများမြင့်တက်နေကြောင်း တရုတ်နိုင်ငံမှ ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

တရုတ်နှင့် အမေရိကန် ရွှေဈေးကွက်များ၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၇၅ ဒေါ်လာအထိ မြင့်တက်လာရာ ၂၀၀၇ခုနှစ်ကထက် ၃၂ရာခိုင်နှုန်း မြင့်တက်လာကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ငွေကြေးဈေးကွက်၌ ဒေါ်လာတန်ဖိုးကျဆင်း

ကမ္ဘာ့ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာတန်ဖိုးများ ကျဆင်းလျက်ရှိကြောင်း ဂျပန်ငွေကြေးဈေးကွက်ဆိုင်ရာ အရာရှိများက ပြောကြားသည်။

ဂျပန်ငွေကြေးဈေးကွက်၌ ဂျပန်ယန်းငွေ ၁၀၄ယန်းလျှင် တစ်ဒေါ်လာအထိရှိခဲ့ပြီး နယူးယောက်မြို့ ဈေးကွက်၌ အမေရိကန်တစ်ဒေါ်လာလျှင် ၁၀၅ဒသမ၃၃ ယန်းရှိသည်။ ထို့အတူ အမေရိကန်ဈေးကွက်၌ တစ်ယူရိုလျှင် အမေရိကန်ဒေါ်လာ ၁ဒသမ၅၂ ဒေါ်လာရှိသည်။

ယူအေအီး၊ ဆော်ဒီနှင့် ဘာရိန်းနိုင်ငံများသို့ စင်ကာပူ ဝါရင့်ဝန်ကြီး လီကွမ်ယု ရောက်ရှိ

စင်ကာပူ ဝါရင့်ဝန်ကြီး လီကွမ်ယုသည် ဒူဘိုင်းလ်မြို့သို့ အလည်အပတ်ခရီး ရောက်ရှိနေကြောင်း စင်ကာပူအရာရှိများက ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုများ အပြန်အလှန် တိုးမြှင့်ပြုလုပ်ရေးနှင့် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများပြုလုပ်ရန် စင်ကာပူဝါရင့်ဝန်ကြီး လီကွမ်ယုသည် ယူအေအီး၊ ဆော်ဒီအာရေဗျနှင့် ဘာရိန်းနိုင်ငံများသို့ ခရီးဆက်လက်ထွက်ခွာမည် ဖြစ်သည်။

ဘာရာဇီး၌ သွေးလွန်တုပ်ကွေးဖြစ်ပွား

ဘာရာဇီးနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု များပြားလာကြောင်း ဘာရာဇီး ကျန်းမာရေးအရာရှိများက ပြောကြားသည်။

ဘာရာဇီးနိုင်ငံတစ်ဝန်းတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနေသည့် ကလေးငယ် ၈၂၄၇ဦးရှိရာ သီတင်းတစ်ပတ်အတွင်း ကလေးငယ် ၁၆ဦး သေဆုံးခဲ့ရသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဘဝဒဿန အမြင်

■ **Look to the mind, not to the outward appearance.**
လူတစ်ဦး၏အပေါ်ယံအသွင်အပြင်ကို မကြည့်ဘဲ အတွင်းစိတ်ကိုသာ ကြည့်ပါ။
အီစွတ်(ဂရိလူမျိုးပုံပြင်ရေးဆရာ)

■ **No man is happy who does not think himself so.**
ကိုယ့်ကိုယ်ကို ပျော်ရွှင်သည်ဟု မထင်မှတ်သူမှန်သမျှ မပျော်ရွှင်ကြ။
မားကပ်စ်အူရီလီးယပ်စ်အန်တိုနီးယပ်စ်။

အစ္စရေးတို့ ဂါဇာသို့ စီးနင်းတိုက်ခိုက်၊ ပါလက်စတိုင်း ၃၂ဦးသေဆုံး

ဂါဇာ မတ် ၁

အစ္စရေးတပ်များက ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းတိုက်ခိုက်ရေးသမားများအား မတ်၁ရက်က ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ အနည်းဆုံး ပါလက်စတိုင်း ၃၂ဦး သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။

သေဆုံး

အစ္စရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ကိုးနှစ်အရွယ်ကလေးလေးဦးအပါအဝင် ၁၆ဦး သေဆုံးခဲ့ကြောင်း၊ ပါလက်စတိုင်း စစ်သွေးကြွ ၁၆ဦးလည်း သေဆုံးခဲ့ကြောင်း ဆေးရုံဝန်ထမ်းများက ပြောကြားသည်။

ဒဏ်ရာရ

ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းသို့ အစ္စရေးတင့်ကားများဝင်ရောက်ခဲ့ပြီးနောက် ပါလက်စတိုင်းတို့နှင့် အစ္စရေးတပ်များ အပြန်အလှန်ပစ်ခတ်ကြရာ အစ္စရေးတပ်ဖွဲ့ဝင်ငါးဦး အနည်းငယ်သာ ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

တိုက်ခိုက်

အစ္စရေးတို့၏ ယင်းဝင်ရောက်စီးနင်း တိုက်ခိုက်မှုသည် ဂါဇာကမ်းမြောင်ဒေသမှ စစ်သွေးကြွများက ဒုံးကျည်များဖြင့် ပစ်ခတ်နေခြင်းကို လက်တုံ့ ပြန်ချေမှုန်းသွားရမည်ဟု အစ္စရေးတို့က ပြောကြားပြီးနောက် တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ပစ်ကူပေး

အဆိုပါ တိုက်ပွဲတွင် အစ္စရေးတပ်များက တင့်ကားများ ကျောထောက်နောက်ခံဖြင့် ပစ်ကူပေးလျက်ဝင်ရောက်တိုက်ခိုက်သည်။ ယင်းအချိန်တွင် ပါလက်စတိုင်းစစ်သွေးကြွများက ဒုံးကျည်များ၊ ဒုံးပစ်လောင်ချာများ တပ်ဆင်၍ တိုက်ခိုက်ခဲ့သည်။

ရည်ရွယ်

ပါလက်စတိုင်း လက်နက်ကိုင်များက ဂါဇာကမ်းမြောင်ဒေသမှ ဒုံးကျည်များသုံး၍ တိုက်ခိုက်လာခြင်းကို ရပ်တန့်သွားသည်အထိ တိုက်ခိုက်သွားရန်ရည်ရွယ်ကြောင်း အစ္စရေးတို့က ပြောကြားသည်။ **(အင်တာနက်)**

ဂါဇာကမ်းမြောင် ဒေသကို အစ္စရေးတို့က တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသော ပါလက်စတိုင်း တိုက်ခိုက်ရေးသမား တစ်ဦးအား သယ်ဆောင်လာသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှား ဂျာဗားၤ၌ ကြက်ငှက်တုပ်ကွေးထပ်မံဖြစ်ပွား

ဂျကာတာ မတ် ၁

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ် အလယ်ပိုင်း စီမာရန်ခရိုင် ကရာဂျန်ကျေးရွာ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ကြက်ရာပေါင်းများစွာ သုတ်သင်ရှင်းလင်းခဲ့ရကြောင်း အင်ဒိုနီးရှားအရာရှိများက မတ်၁ရက်၌ ပြောကြားသည်။

စီမာရန်ခရိုင်အတွင်း ကြက်မွေးမြူရေးခြံများ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ကြက်၊ ဘဲများ သယ်ဆောင်မှုကို ပိတ်ပင်တားမြစ်ထားသည်။

(အင်တာနက်)

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ အသေခံဗုံးခွဲ၍ လူ ၄၀ သေဆုံး

အစ္စလမ္မာဘတ် မတ် ၁

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း အသုဘအခမ်းအနားတစ်ခုအတွင်း အသေခံဗုံးခွဲမှုကြောင့် အနည်းဆုံး လူ၄၀သေဆုံးကြောင်း ရဲအရာရှိတစ်ဦးက ပြောဆိုသည်။

ဆွပ်လွင်ပြင်မှ မင်ဂိုရာ၌ ယင်းသို့ အသေခံဗုံးခွဲတိုက်ခိုက်မှုအတွင်း လူ၆၅ဦး ဒဏ်ရာရရှိသွားသည်။ အသုဘမှာ လမ်းဘေးဗုံးခွဲတိုက်ခိုက်ခံရစဉ် သေဆုံးသွားသော ရဲတပ်ဖွဲ့ဝင်သုံးဦးအနက် တစ်ဦး၏ အသုဘအခမ်းအနားဖြစ်သည်။

ထိပ်တိုက်ရင်ဆိုင်

မကြာမီလများအတွင်းက တာလီဘန်လိုလားသည့် စစ်သွေးကြွများနှင့် လုံခြုံရေးတပ်များအကြား ထိုဒေသတစ်ဝိုက်၌ ထိပ်တိုက်ရင်ဆိုင်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ **(အင်တာနက်)**

ဘယ်ယုန်မြင်လို့ ဘယ်ချုံထွင်နေကြတာလဲ

စည်သူအောင်

"အခုတလော 'အမျိုးသားပြန်လည်သင့်မြတ်ရေး'တို့၊ 'အားလုံးပါဝင်ရေး'တို့၊ 'သုံးပွင့်ဆိုင်ဆွေးနွေးရေး'တို့ဆိုတဲ့ စကားတွေ ရေဒီယိုထဲမှာ လှိုင်လှိုင်ကြားနေရပါလားကွ။"

"လေနဲ့လုပ်စားနေတဲ့ သူတွေကတော့ လှတောသား ပြောသလို ကျောက်ဆင်းတု ခေါင်းညိတ်ရလောက်အောင် မစားရ ဝခမန်း ပြောတတ်ကြတာပါပဲကွ။ ဒါတွေက ကြားကောင်းအောင် တန်ဆာဆင်ပြီး ပြောတဲ့စကား (Rhetoric) တွေပါ။ အရေးကြီးတာက ဒီစကားလုံးတွေရဲ့ နောက်ကွယ်မှာ တကယ်အစစ်အမှန် ဆိုလိုရင်း (Hidden Meaning) ကိုသိဖို့လိုတယ်။ စကားအသုံးအနှုန်း အသွားအလာတွေနဲ့ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ဆက်စပ်စဉ်းစားပြီး ဒါဟာအတည့်ဆိုလိုတာလား၊ ပြောင်းပြန် တွေးရမှာလား၊ သရော်တာလား၊ စောင်းပါးရိပ်ခြည်ပြောတာလားဆိုတာ သိအောင် လုပ်ရသလို ဒီစကားစလိုက်တာနဲ့ ဘယ်လမ်းကြောင်းကို ဦးတည်သွားနေပြီလဲ၊ ဘယ်ယုန်ကိုမြင်လို့ ဘယ်ချုံထွင်နေတာလဲဆိုတာ ပါးစပ်ဟလိုက်တာနဲ့ အူခုနစ်ခွေကိုမြင်နေအောင် ကြည့်တတ်ဖို့လည်း အရေးကြီးတယ်ကွ။"

"ငါသတိထားမိတာကတော့ ဒီစကားတွေဟာ အနောက်အုပ်စု နိုင်ငံတွေကရော၊ တစ်ဖက်နယ်စပ်နဲ့ ပြည်ပရောက်နေတဲ့ ပြည်ပြေး အဖွဲ့အစည်းအမျိုးမျိုးကရော၊ သောင်းကျန်းသူ အကြွင်းအကျန် အုပ်စုတွေကရော၊ ပြည်တွင်းက NLD နဲ့ တခြားအုပ်စုတွေကရော အတိုင်အဖောက်ညီညီ ပြောလာကြတာ တွေ့ရတယ်။"

"ဒါကတော့ ဖိုးသူတော်ယိမ်းလိုပေါ့ကွာ။ ယိမ်းခေါင်းဆောင်က ကြက်သွန်ဥတွေနဲ့ သီထားတဲ့ ပုတီးကြီးကို မြှောက်ပြီးကရင် နောက်က ဖိုးသူတော်တွေလည်း လိုက်ပြီးမြှောက်ကြရတာပဲ။ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မရှိဘဲ အီရတ်ကို ဝင်တိုက်ခဲ့တာတောင်မှ ငုတ်တုတ်ထိုင်ကြည့်နေခဲ့ရတာ မဟုတ်လား။ ကျန်တဲ့လူတွေကတော့ ကျေးဇူးခံ ကျေးဇူးစားတွေဖြစ်နေကြတော့ ဘာပြောဖို့ လိုဦးမှာလဲ။"

"နည်းနည်းထူးခြားတာကတော့ မစ္စတာဂမ်ဘာရီနဲ့ လူကြုံပေးလိုက်တဲ့ ဒေါ်စုကြည်ရဲ့ ကြေညာချက် ထွက်ပေါ်လာပြီးတဲ့ နောက်ပိုင်းမှာ ပေါ်လာတဲ့ကိစ္စတွေပဲကွ။ ဒေါ်စုကြည်ရဲ့ ကြေညာချက်ထဲမှာ 'It is my duty ဆိုပြီးတော့ အထူးသဖြင့် တိုင်းရင်းသားများ၏ သဘောဆန္ဒများ၊ အကျိုးစီးပွားများကို အခိုင်အမာ အစဉ်မပြတ် အလေးအနက်ထားကာ စဉ်းစားပေးရမည်မှာ ကျွန်မအပေါ် ကျရောက်လာသောတာဝန်ဖြစ်ပါသည်'ဆိုပြီး ဘယ်သူကမှ မပေးတဲ့ တာဝန်ကို အတင်းယူခဲ့ပြီးတဲ့နောက် တိုင်းရင်းသား အဖွဲ့အစည်းပေါင်းစုံက ဝိုင်းပြီးကန့်ကွက်ခဲ့ကြတယ်လေ။ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလလောက်ကပေါ့။ အဲဒီတုန်းကတော့ ဘာမှမပြောဘဲ ငြိမ်နေခဲ့ပြီး တစ်ရေးနိုးတော့မှ ဒီကြေညာချက်ကို မရှင်းလင်းရင် သူတို့ဆီလာပြီး ဆွေးနွေးနိုင်ပါတယ်လို့ အထက်စီးက ဖိတ်ခေါ်တဲ့ ကြေညာချက်မျိုးကို NLD က ထုတ်လာတာတွေ့ရတယ်။ အဲဒါနဲ့ တစ်ချိန်တည်းလောက်မှာပဲ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတဲ့ ဆိုင်းဘုတ်ကြီးလည်း တင်လာတယ်။ ပြည်ထောင်စုနေ့ ကြေညာချက်ဆိုပြီး စာတမ်းအရှည်ကြီးလည်း ထုတ်လာတယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်ရှိတဲ့ ပြည်ထောင်စုဆိုတဲ့ စကားတွေ ပါလာတယ်။ တစ်ဖက်မှာလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးလို့သာ ပြောတယ်၊ အခြေခံဥပဒေမူကြမ်းကို ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပအတည်ပြုဖို့ကိစ္စနဲ့ ရွေးကောက်ပွဲကျင်းပဖို့ ကိစ္စတွေကိုကျတော့ ခါးခါးသီးသီး ဆန့်ကျင်ပယ်ချပြီး အဆိုးဆုံးအတွက်ပြင်ဆင်ထား ဆိုတာတွေလည်း ပြောလာတယ်။ ဒီစကား အသွားအလာတွေဟာ သိပ်ကောင်းလှတဲ့ အငွေ့အသက်တော့မဟုတ်ဘူးလို့ ငါခံစားမိတယ်ကွာ။"

"ဒါက တော်ရုံတန်ရုံမကောင်းတာ မဟုတ်ဘူးဟေ့။ တော်တော်ကို အန္တရာယ်ကြီးတယ်လို့ဆိုနိုင်တယ်။ ပြောရရင် နည်းနည်းတော့ ရှည်ရှည်ဝေးဝေး ရှင်းရလိမ့်မယ်။ ပထမဆုံး သူတို့ပြောတဲ့ အားလုံးပါဝင်ရေးကိစ္စ၊ သုံးပွင့်ဆိုင်ကိစ္စကို လေ့လာကြည့်ရအောင်။ ၂၀၀၄ ခုနှစ်မှာ စတင်ခဲ့တဲ့ အမျိုးသားညီလာခံမှာ အားလုံးပါဝင်ခဲ့ပြီပဲလေကွာ။ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ တိုင်းရင်းသား လူမျိုးစုတွေ အားလုံးနဲ့ လူထုလူတန်းစား အလွှာအသီးသီးက ဘက်စုံပါဝင်တဲ့ အစုအဖွဲ့ (၈)ဖွဲ့နဲ့ ရှစ်ပွင့်ဆိုင်တောင်မှ ဆွေးနွေးခဲ့ပြီပဲ"။

"ဒါပေမယ့် သူတို့က ဒီအမျိုးသားညီလာခံဟာ အစိုးရက လက်ရွေးစင်ရွေးချယ်ထားတဲ့ သူတွေနဲ့လုပ်တာလို့ပြောကြတယ်လေ။"

"တချို့ အစုအဖွဲ့တွေက ရွေးချယ်ထားတာ မှန်ပေမယ့် ရွေးချယ်ခံကိုယ်စားလှယ်အစုအဖွဲ့တို့၊ နိုင်ငံရေးပါတီအစုအဖွဲ့တို့၊ အခြားဖိတ်ကြားသင့်တဲ့ ပုဂ္ဂိုလ်များအစုအဖွဲ့ထဲက ငြိမ်းချမ်းရေးအဖွဲ့ ကိုယ်စားလှယ်စတဲ့အဖွဲ့ဝင်တွေကတော့ ရွေးချယ်ထားတာမဟုတ်ဘူးလေ။ နောက်ပြီးတော့ အထက်ကနေ ရွေးချယ်တယ်ဆိုတာလည်း ပညာအရည်အချင်း၊ အကျင့်သိက္ခာ၊ လူမှုအဆင့်အတန်း၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်၊ နိုင်ငံရေးကင်းရှင်းမှု စသည်ဖြင့် ညီလာခံကိုယ်စားလှယ်တစ်ဦးရဲ့ အဆင့်အတန်းနဲ့ လိုက်လျောညီထွေဖြစ်မယ့်သူတွေကို ဆန်းစစ်ပြီး ရွေးချယ်ခဲ့တာပဲ။ **ဒီညီလာခံကိုယ်စားလှယ်တွေဟာ တကယ်တော့နေရာဒေသမျိုးစုံ၊ လူတန်းစားမျိုးစုံ၊ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်မျိုးစုံကို ကိုယ်စားပြုထင်ဟပ်ထားနိုင်တဲ့ ပုဂ္ဂိုလ်တွေပဲ။ ဒီကိုယ်စားလှယ်တွေဟာ ခေတ်အဆက်ဆက်မှာ နိုင်ငံရေးသမားတွေက လိုရင်ခေါင်းပေါ်တင်အသုံးချ၊ မလိုရင် ဥပေက္ခာပြု ပစ်ထားကြပြီး ရွေးကောက်ပွဲနီးမှ သတိရတာကို ခံခဲ့ကြရတဲ့၊ စကားများများမပြောတဲ့ လူများစု(Silent Majority) လူထုကြီးရဲ့ ကိုယ်စားလှယ်အစစ်အမှန်တွေပဲ။"**

"အခြေခံဥပဒေအတွက် အခြေခံမူရေးဆွဲရာမှာ နိုင်ငံရေးသမား လူလည်ပတ်ကားတွေပဲ လုပ်ပိုင်ခွင့်ရှိတာလား။ လူများစုလူထုကြီးကရော ပြောရေးဆိုခွင့်မရှိတော့ဘူးလား၊ ဒီကိုယ်စားလှယ်တွေထဲမှာ တောင်သူလယ်သမားတွေကစပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်တွေ၊ အစိုးရဝန်ထမ်းတွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေ နိုင်ငံတကာအတွေ့အကြုံ အများကြီးရှိပြီး နိုင်ငံတကာက လေးစားခြင်းခံရတဲ့ ထင်ရှားတဲ့ပညာရှင်ပုဂ္ဂိုလ်ကြီးတွေ စသည်ဖြင့် အစုံပါတယ်။ ဒီလိုလူတွေကရော နိုင်ငံအတွက် မတွေးခေါ်၊ မမြော်မြင်တတ်ဘူးလို့ထင်လို့လား။ နောက်တစ်ခုက သူတို့ပြောတဲ့တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုတဲ့အဖွဲ့ဆိုတာလည်း ဒီအမျိုးသားညီလာခံမှာ ပါပြီးခဲ့ပြီပဲ။ တိုင်းရင်းသားလူမျိုးအစုအဖွဲ့မှာ သီးသန့်ပါသလို လူထုလူတန်းစား အဖွဲ့တွေမှာလည်းတိုင်းရင်းသားပေါင်းစုံပါနေတာပဲ။ တိုင်းနဲ့ ပြည်နယ်အလိုက် ကိုယ်စားလှယ်တွေမှာလည်းပါတယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးအဖွဲ့တွေ၊ နိုင်ငံရေးပါတီအဖွဲ့တွေ၊ ရွေးချယ်ခံ ကိုယ်စားလှယ် စသည်ဖြင့် နေရာတိုင်း၊ အစုအဖွဲ့တိုင်းမှာ တိုင်းရင်းသားကိုယ်စားလှယ်တွေ မပါတဲ့အဖွဲ့ မရှိပါဘူး။ တိုင်းရင်းသားတွေထဲမှာမှ သာမန်အရပ်သား၊ နိုင်ငံရေးသမား၊ အရင်ကလက်နက်ကိုင်ပြီး အစိုးရကို တိုက်ခဲ့ဖူးတဲ့ အဖွဲ့အစည်းဝင်၊ အသိပညာရှင်၊ အတတ်ပညာရှင် စသည်ဖြင့် အစုပေါင်းစုံပါဝင်တာ ဒီထက် ဘာများပိုပြီး စုံရဦးမှာလဲလို့ မေးရမလိုဖြစ်နေတယ်။"

"နောက်တစ်ခု NLD ပါရမယ်ဆိုတဲ့ကိစ္စ၊ အမျိုးသားညီလာခံ စကတည်းက NLD ပါခဲ့ပြီးသားပဲလေ။ သူတို့ကို ဘယ်သူကမှ အတင်းအကျပ်ခေါ်ပြီး ညီလာခံအတက်ခိုင်းခဲ့တာ မဟုတ်ဘူး။ သူတို့ကိုယ်တိုင် ဆန္ဒသဘောထားနဲ့ လာတက်ကြတာ။ ၁၉၉၅ခုနှစ်မှာ ထွက်သွားတော့လည်း သူတို့သဘောနဲ့ သူတို့ပဲ မဟုတ်လား။ ဒါတောင်မှ NLDထဲမှာ အချင်းချင်း သဘောကွဲလွဲခဲ့ကြပြီး ညီလာခံ ဆက်တက်ချင်တဲ့သူတွေကို ပါတီကအတင်းထုတ်ပစ်ခဲ့လို့ ထုတ်ပယ်ခံရတဲ့ ကိုယ်စားလှယ်တွေဟာ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်တွေ အဖြစ်နဲ့ သူတို့ကိုညီလာခံက ဆက်ပြီး လက်ခံထားခဲ့တာပဲလေ။ NLD ကြောင့်ပဲ အရှိန်ရနေတဲ့ အမျိုးသားညီလာခံကြီး ရပ်ဆိုင်းသွားခဲ့ရသလို ၂၀၀၄ခုနှစ်မှာ ညီလာခံပြန်စတော့ အစိုးရက NLD ကို ဖိတ်စာကမ်းခဲ့တာပဲ မဟုတ်လား။ သူတို့ပဲ မတက်တော့ဘူးလို ငြင်းခဲ့တာလေ။ အခုတစ်ခါ အားလုံးပြီးမှ သူတို့မပါလို့မပြီးဘူးဆိုပြီး ငယ်သံပါအောင် အော်နေပြန်ပြီ။ ဒါဟာ ဘာသဘောလဲ စဉ်းစားကြည့်ပေါ့ကွာ။"

"အဲဒီတော့ သူတို့ပြောနေတဲ့ အားလုံးပါဝင်ရေး သုံးပွင့်ဆိုင်ဆွေးနွေးရေးဆိုတာ ဘာအဓိပ္ပာယ်နဲ့ ပြောလာတာလို့ထင်သလဲ။"

"ငါ့အမြင်ကတော့ကွာ၊ တိုင်းရင်းသားအဖွဲ့တွေဆိုတဲ့ အထဲမှာ အမျိုးသားညီလာခံမှာမပါဘဲ ကျန်နေခဲ့တာဆိုလို့ ဘယ်သူတွေပဲရှိတော့လို့လဲ။ နှစ်ယောက်တစ်ပိုင်းနဲ့စုစည်းပြီး ကြီးကြီးကျယ်ကျယ်ခေါင်းစဉ်တွေ၊ နာမည်တွေတပ်၊ မျောက်ပြဆန်တောင်းနေကြတဲ့ လူမျိုးစုအဖွဲ့ ဆိုတာတွေနဲ့ လက်တစ်ဆုပ်စာပဲကျန်တော့တဲ့ သောင်းကျန်းသူအဖွဲ့ အစည်းတွေပဲ ရှိတာလေ။ ဒီအဖွဲ့တွေအားလုံးက ဘယ်သူ့ ပေးစာကမ်းစာနဲ့ ရပ်တည်နေကြရတယ်ဆိုတာ အားလုံးအသိပဲ။ တစ်ပိုင်းကတော့ အဲဒီတရားမဝင်အဖွဲ့အစည်းတွေကို သူတို့သာလျှင် စစ်မှန်တဲ့ တိုင်းရင်းသားကိုယ်စားလှယ်ဆိုပြီး နိုင်ငံရေးစင်မြင့်မှာ ပြန်တင်ဖို့ပေါ့ကွာ။ အဲဒီတော့ သူတို့လိုပဲပြန်ပြောရရင် ဒီအဖွဲ့တွေကိုရော ဘယ်သူက Mandate ပေးထားလို့လဲ။ ကိုယ့်ဘာသာ ပြည်တွင်းမှာမနေနိုင်လို့ နယ်စပ်ပြေးလာပြီး ငါ့ဝမ်းပူဆာ မနေသာလို့ နီးစပ်ရာဆွဲလွဲပြီး ကောက်ဖွဲ့ ထားကြရတာ လူတိုင်းအသိပဲလေ။ ဒါကြောင့်လဲ 'စစ်မှန်တဲ့ ပြည်ထောင်စု'တို့၊ 'ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ရေး'တို့၊ 'ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်'တို့ စတဲ့ စကားလုံးတွေ တွင်တွင်သုံးပြီး 'အမျိုးသား ပြန်လည်သင့်မြတ်ရေး'ဆိုတာကို ရှေ့တန်းတင်လာတာပဲ။ အဓိကအချက်တစ်ခုကတော့ သက်ဆိုင်ရာနဲ့ ဒေါ်စုကြည်တို့ တွေ့ဆုံဆွေးနွေးကြရာမှာ အားနည်းယိုယွင်းနေတဲ့ NLD ကို ကျားကန်ပေးနိုင်ဖို့ တိုင်းရင်းသားအင်အားစုတွေကို အားကိုးရှာတဲ့ သဘောပဲ။ ဒါမျိုးတွေက တို့မြန်မာ့နိုင်ငံရေးမှာ ရှေးတုန်းကလဲ လုပ်ခဲ့ပြီးသား အကွက်တွေပါ။ ၁၉၅၈ခုနှစ် ဖဆပလ အကွဲအပြဲမှာကတည်းက ရတညအမတ်တွေရဲ့မဲကို သန့်ရှင်းအုပ်စုက ရခိုင်ပြည်နယ်ပေးမယ် ဆိုတဲ့ မက်လုံးနဲ့အရယူပြီး ၈ မဲအသာနဲ့ ကပ်ပြီးနိုင်သွားခဲ့တာ ရှိတယ်လေ။ ဒါပေမယ့် ဒီလိုလုပ်ခဲ့တဲ့အကျိုးဆက် ဂယက်တွေက ဘာဖြစ်လာခဲ့သလဲဆိုတာ မင်းလဲ အသိသားပဲ။ ၁၉၆၀ပြည့်နှစ် ရွေးကောက်ပွဲနောက်ပိုင်း ပထစအစိုးရတက်လာတော့ ဦးဗိုလ်သခင် အုပ်စုတွေ အကွဲအပြဲမှာ ပြည်မနိုင်ငံရေးအင်အားစုတွေ အခက်ကြုံတုန်း တိုင်းရင်းသားနိုင်ငံရေးအုပ်စုတွေက အကွက်ကောင်းပဲ ဆိုပြီး ပြည်နယ်တွေတင် မကဘူး။ စစ်မှန်တဲ့ ပြည်ထောင်စုတို့၊ ဖက်ဒရယ်စစ်စစ်မူတို့ ဆိုတာတွေ လုပ်လာခဲ့ကြတာ မဟုတ်လား။ အဲဒီ ဖက်ဒရယ်မူအပေါ်မှာ နိုင်ငံတော်အကြံပေးအဖွဲ့က 'အဆိုပါ ပြည်ထောင်စုပုံစံမှာ လက်တွေ့အားဖြင့်လုပ်ဆောင်ရန် ဖြစ်နိုင်ဖွယ်မရှိသည့်အပြင် ထိုပုံစံတွင် မကြာမြင့်မီအတွင်း ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးစေမည့် အင်္ဂါလက္ခဏာရပ်များ ပါရှိနေသောကြောင့်' ကျွန်ုပ်တို့မထောက်ခံနိုင်လို့ အစီရင်ခံစာတင်သွင်းရာမှာ တင်ပြခဲ့တာတွေ့ရတယ်။ ဒါပေမယ့် ဒီမူကိုပဲ မြန်မာ့အသံခန်းမမှာလုပ်တဲ့ လူမျိုးပေါင်းစုံဆွေးနွေးပွဲကြီးမှာ အုန်းပွဲ ငှက်ပျောပွဲနှင့် တောင်းယူလို့ ရရင်ရ၊ မရရင် ကားတင်ပြေးမယ်ဆိုတာမျိုးတွေ ပြောလာတဲ့အထိ ဖြစ်လာတယ်လေ။ ဒါ့အပြင် ပြည်နယ်တွေ တောင်းဆိုထားတဲ့ ဖက်ဒရယ်မူ အကောင်အထည်မပေါ်လာရင် ပြည်ထောင်စုက ခွဲထွက်ပြီး ဆီးတိုး စစ်အုပ်စုထဲဝင်မယ်ဆိုတဲ့ လျှို့ဝှက် စာတမ်းတွေ ထွက်လာတာမျိုးတွေအထိ အခြေအနေတွေက နိုင်ငံအတွက် အန္တရာယ်ကြီးလာခဲ့တာ သမိုင်းမှာ အထင်အရှားပဲ မဟုတ်လား။ အခုလည်း နိုင်ငံတော်ကို နိုင်ငံရေး၊စစ်ရေးနည်းလမ်းတွေနဲ့ အခုအချိန်

> **သူတို့ပြောတဲ့ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုတဲ့အဖွဲ့ဆိုတာလည်း ဒီအမျိုးသားညီလာခံမှာ ပါပြီးခဲ့ပြီပဲ။ တိုင်းရင်းသားလူမျိုးအစုအဖွဲ့မှာ သီးသန့်ပါသလို လူထုလူတန်းစား အဖွဲ့တွေမှာလည်း တိုင်းရင်းသားပေါင်းစုံ ပါနေတာပဲ။ တိုင်းနဲ့ ပြည်နယ်အလိုက် ကိုယ်စားလှယ်တွေမှာလည်းပါတယ်။ ဒါ့အပြင် ငြိမ်းချမ်းရေး အဖွဲ့တွေ နိုင်ငံရေးပါတီအဖွဲ့တွေ၊ ရွေးချယ်ခံ ကိုယ်စားလှယ် စသည်ဖြင့် နေရာတိုင်း၊ အစုအဖွဲ့တိုင်းမှာ တိုင်းရင်းသားကိုယ်စားလှယ်တွေမပါတဲ့ အဖွဲ့မရှိပါဘူး။**

**တို့ဆီက လူတွေက...
သင်ခန်းစာယူတတ်ဖို့လို...
စီးပွား တစ်ခုတည်း ရေတို...
တိုင်းပြည်ရဲ့ ရေရှည်အက...
တိုင်းပြည်မှာ တိုင်းရင်းသ...
တော့ ဒီလိုသာဖြစ်ချင်ဝ...
အဖြစ်မျိုးတွေ အများကြ...
အန္တရာယ်ကြီးမလဲ စဉ်း...**

အထိ ဆန့်ကျင်နေတဲ့ အဖွဲ့အစည်းတွေ၊ ပြ...
နာမည်နဲ့ နိုင်ငံရေးစင်မြင့်ပေါ်တင်လာရင်...
"မင်းပြောတော့ ငါလည်းစဉ်းစားမိ...
**ဟိုလူပါရမယ်၊ ဒီလူပါရမယ်လို့ ငါတို့ကိုသာ...
ကိုဆန့်ကျင်တဲ့ မွတ်တာဒါအယ်ဆဒါရဲ့ ...
အသွယ်ရှိတဲ့ ဆွန်နီစစ်သွေးကြွတွေရော လုံ...
တာလီဘန်တွေကို အခြေခံဥပဒေဆွဲဖို့ ဖိတ်...
ခပ်တည်တည် ဆရာလာလုပ်နေတာပဲကွ၊...**
"ဒါက ရှေးတုန်းကတည်းက သူ...
တာကိုတောင်မှ လူဖြူတွေက ကျန်တဲ့အသ...
လာအောင် အပင်ပန်းခံပြီး လေ့ကျင့်သင်ကြ...
Men's Burden)လို့ ပြောကြသေးတာလေ...
အတိုင်း သွေးခွဲပြီး အုပ်ချုပ်ဖို့ (Divide an...
လုပ်သွားမယ့် အလားအလာတွေကို မြင်...
သတင်းတွေမှာ ရှေ့တန်းရောက်နေတဲ့ ကို...
ပြည်ထောင်စုဟောင်း ဆားဗီးယားနိုင်ငံက ...
တရားဝင်ဆုံးဖြတ်ချက်နဲ့ အသိအမှတ်ပြုထ...
အယ်လ်ဘေးနီးယန်းတွေက ခွဲထွက်မယ်ဆို...
တွန်းအားပေးခဲ့တာ သူတို့ အုပ်စုတွေပဲ။ ဆ...
ဆွေးနွေးကြတော့ ဆားဗီးယားအစိုးရက ခွဲ...
အထူးဒေသလို တစ်နိုင်ငံစနစ်နှစ်မျိုးဆိုလည်...
တင်းခံနေတာ နောက်ကွယ်ကနေ 'ဟေ့–...
အမှတ်ပြုမယ်၊ မပူနဲ့'ဆိုပြီး မြှောက်ပေးတဲ့လူ...
ကိုဆိုဗို အယ်လ်ဘေးနီးယန်းတွေက ခွဲထွ...
တွေက ဆူပူအုံကြွပြီး ထပ်ခွဲထွက်ဖို့ လုပ်...
ဆော့ဘ်လူထုကြီးအင်အားနှစ်သိန်းလောက်...
သံရုံးကိုတောင် မီးတင်ရှို့တဲ့အထိ ဖြစ်သွ...
ကိုယ်ပြန်စူးနေတာပေါ့ကွာ။"
"သူတို့က ခွဲထွက်ဖို့တိုက်တွန်းမှာ...
သူတို့က ကြီးစိုးထားလို့ရတာကိုး။ ကိုဆို...
လက်တွေ့ ကိုဆိုဗိုမှာ ဘယ်သူအုပ်ချုပ်...
မဟုတ်လား။ ကိုဆိုဗို လွတ်လပ်ရေးရတယ်...
အုပ်ချုပ်ရေးယန္တရားက ဆက်ရှိနေတာပဲ။...
မပြောနိုင်ဘူး မဟုတ်လား။"
"အရှေ့တီမောဆိုလဲ ဘာထူးလဲကွာ...
အနောက်အားကိုးနဲ့ ခွဲထွက်ခဲ့တာလေ။ ...
တစ်လောကပဲ တပ်ပြေးသူပုန်တွေက သမ္မ...
မနည်းဆေးကုနေရတာမဟုတ်လား။ အဲဒီမှာ...
အရှေ့တီမောကို မျက်စိကျနေတာကြာပြီလေ...
ရှိတယ်လို့ကြားတော့ ပိုဆိုးသွားတာပေါ့။"
"အေးကွာ၊ **တို့ဆီကလူတွေကလည်း...
လို့ထင်တာပဲ၊ ကိုယ့်အကျိုးစီးပွားတစ်ခုတည်...
ရေရှည်အကျိုးစီးပွားကိုကြည့်သင့်တယ်။ ...
ရှိနေတော့ ဒီလိုသာဖြစ်ချင်တိုင်း အဖြစ်ခံမပ...
ဘယ်လောက်အန္တရာယ်ကြီးမလဲ စဉ်းစားကြ...**
တိုက်ခဲ့ကြတဲ့ တိုင်းရင်းသား လက်နက်ကို...
ပြောရရင် သိပ်ကြာလှသေးတာ မဟုတ်...
မဖြစ်တဲ့ အနေအထားဆိုတာ အားလုံး...
ကြားကောင်းအောင်ပြောနေပေမယ့် လက်...
ပြိုကွဲသွားနိုင်မယ့်အချိုးမျိုးတွေ လှမ်းလာ...
ဆိုတာ သိစေချင်တာပါပဲကွာ"။ ။

2-3 (08) 1 3/2/08, 2:16 AM

တို့ဆီက လူတွေကလည်း ဒီဖြစ်ရပ်တွေကိုကြည့်ပြီး သင်ခန်းစာယူတတ်ဖို့လိုတယ်လို့ ထင်တာပဲ၊ ကိုယ့်အကျိုးစီးပွား တစ်ခုတည်း ရေတိုမျက်မွေးတစ်ထောက်ကို မကြည့်ဘဲ တိုင်းပြည်ရဲ့ ရေရှည်အကျိုးစီးပွားကိုကြည့်သင့်တယ်။ ငါတို့တိုင်းပြည်မှာ တိုင်းရင်းသားလူမျိုးစုတွေက ရာကျော်ရှိနေတော့ ဒီလိုသာဖြစ်ချင်တိုင်း အဖြစ်ခံမယ်ဆိုရင် ကိုဆိုဗိုလိုအဖြစ်မျိုးတွေ အများကြီးဖြစ်လာနိုင်တယ်။ ဘယ်လောက်အန္တရာယ်ကြီးမလဲ စဉ်းစားကြည့်ပေါ့။

အထိ ဆန့်ကျင်နေတဲ့ အဖွဲ့အစည်းတွေ၊ ပြည်ပသြဇာခံတွေကို ဆွဲယူစုစည်းပြီး သုံးပွင့်ဆိုင်ဆွေးနွေးပွဲနာမည်နဲ့ နိုင်ငံရေးစင်မြင့်ပေါ်တင်လာရင် ဘာဖြစ်သွားမလဲ စဉ်းစားကြည့်ပေါ့ကွာ။"

"မင်းပြောတော့ ငါလည်းစဉ်းစားမိတယ်။ **အနောက်အုပ်စုတွေက အခြေခံဥပဒေရေးဆွဲရေးမှာ ဟိုလူပါရမယ်၊ ဒီလူပါရမယ်လို့ ငါတို့ကိုသာပြောနေတာ အီရတ်မှာအခြေခံဥပဒေဆွဲတုန်းက အမေရိကန်ကိုဆန့်ကျင်တဲ့ မွတ်တာဒါအယ်ဆဒါရဲ့ ရှီးယိုက်စစ်သွေးကြွတွေရော၊ အယ်လ်ကေဒါနဲ့ အဆက်အသွယ်ရှိတဲ့ ဆွန်နီစစ်သွေးကြွတွေရော လုံးဝဆို လုံးဝ မပါခဲ့ပါဘူး။ အာဖဂန်နစ္စတန်မှာ ကျတော့ရော တာလီဘန်တွေကို အခြေခံဥပဒေဆွဲဖို့ ဖိတ်ခေါ်ခဲ့ကြလို့လား။ ငါတို့ကျမှ အားလုံးပါရမယ် ဘာညာနဲ့ ခပ်တည်တည် ဆရာလာလုပ်နေတာပဲကွ။"**

"ဒါက ရေးတုန်းကတည်းက သူတို့ရဲ့အကျင့်ပဲလေကွာ။ ကမ္ဘာတစ်ခုလုံးပတ်ပြီး နယ်ချဲ့ခဲ့တာကိုတောင်မှ လူဖြူတွေက ကျန်တဲ့အသားမည်း၊ အသားဝါတွေကို မယဉ်ကျေးသေးလို့ ယဉ်ကျေးလာအောင် အပင်ပန်းခံပြီး လေ့ကျင့်သင်ကြားပေးဖို့ ထမ်းဆောင်ရတဲ့ ဝန်ထုပ်ဝန်ပိုးကြီးပါ (White Men's Burden)လို့ ပြောကြသေးတာလေ။ သူတို့ခြေလှမ်းရဲ့ နောက်ကွယ်မှာ နယ်ချဲ့ခေတ်က ပုံစံအတိုင်း သွေးခွဲပြီး အုပ်ချုပ်ဖို့ (Divide and Rule)၊ သွေးခွဲပြီး အနိုင်ယူဖို့ (Divide and Conquer) လုပ်သွားမယ့် အလားအလာတွေကို မြင်နေရတာပဲ။ တခြားကိုမကြည့်နဲ့ အခုတလော နိုင်ငံတကာ သတင်းတွေမှာ ရေ့တန်းရောက်နေတဲ့ ကိုဆိုဗိုခွဲထွက်ခဲ့တဲ့ကိစ္စကိုပဲ ကြည့်လေ။ အရင် ယူဂိုဆလဗ်ပြည်ထောင်စုဟောင်း ဆားဗီးယားနိုင်ငံက အချုပ်အခြာအာဏာ ပိုင်ပါတယ်လို့ ကုလသမဂ္ဂကိုယ်တိုင်က တရားဝင်ဆုံးဖြတ်ချက်နဲ့ အသိအမှတ်ပြုထားတဲ့ ကိုဆိုဗိုပြည်နယ်ကို အဲဒီပြည်နယ်မှာ လူများစုဖြစ်တဲ့ အယ်လ်ဘေးနီးယန်းတွေက ခွဲထွက်မယ်ဆိုတော့ ခွဲမထွက်–ထွက်ဖြစ်အောင် နောက်ကနေ ထောက်ခံတွန်းအားပေးခဲ့တာ သူတို့ အုပ်စုတွေပဲ။ ဆားဗီးယားအစိုးရနဲ့ ကိုဆိုဗိုအယ်လ်ဘေးနီးယန်းတွေကိစ္စကို ဆွေးနွေးကြတော့ ဆားဗီးယားအစိုးရက ခွဲမထွက်ရင်ပြီးရော ကိုဆိုဗိုကို တရုတ်နိုင်ငံနဲ့ ဟောင်ကောင် အထူးဒေသလို တစ်နိုင်ငံစနစ်နှစ်မျိုးဆိုလည်း ပေးပါမယ်ဆိုတာတောင် ခွဲထွက်ရေးမှ ခွဲထွက်ရေးပဲလို့ တင်းခံနေတာ နောက်ကွယ်ကနေ 'ဟေ့–မင်းတို့ လျှော့မပေးနဲ့၊ မင်းတို့ ခွဲထွက်တာနဲ့ ငါတို့အသိအမှတ်ပြုမယ်၊ မပူနဲ့'ဆိုပြီး မြှောက်ပေးတဲ့လူ ရှိနေခဲ့လို့ပေါ့။ နောက်ဆုံးတော့ သူတို့မြှောက်ပေးတဲ့အတိုင်း ကိုဆိုဗို အယ်လ်ဘေးနီးယန်းတွေက ခွဲထွက်သွားတော့ ဘာဖြစ်သွားလဲ၊ ကိုဆိုဗိုထဲမှာရှိတဲ့ ဆာ့ဘ်တွေက ဆူပူအုံကြွပြီး ထပ်ခွဲထွက်ဖို့ လုပ်လာကြပြီလေ။ ဆားဗီးယား မြို့တော် ဘဲလ်ဂရိတ်မှာလည်း ဆာ့ဘ်လူထုကြီးအင်အားနှစ်သိန်းလောက်က ဆန္ဒပြခဲ့ကြပြီး ဒေါသမထိန်းနိုင်တဲ့သူတွေက အမေရိကန်သံရုံးကိုတောင် မီးတင်ရှို့တဲ့အထိ ဖြစ်သွားခဲ့တာ ဖတ်လိုက်ရတယ်။ ဒါတွေဟာ ကိုယ့်အတတ်နဲ့ ကိုယ်ပြန်စူးနေတာပေါ့ကွာ။"

"သူတို့က ခွဲထွက်ဖို့တိုက်တွန်းမှာပေါ့ကွာ၊ ခွဲထွက်သွားလို့ပဲ ထွက်သွားတဲ့ နယ်မြေတွေမှာ သူတို့က ကြီးစိုးထားလို့ရတာကိုး။ ကိုဆိုဗိုမှာပဲကြည့်လေ၊ ၁၉၉၈ခု ကိုဆိုဗိုစစ်ပွဲပြီးသွားကတည်းက လက်တွေ့ ကိုဆိုဗိုမှာ ဘယ်သူအုပ်ချုပ်နေတာလဲ။ ကုလသမဂ္ဂအမည်ခံတဲ့ အနောက်နိုင်ငံတွေပဲ မဟုတ်လား။ ကိုဆိုဗို လွတ်လပ်ရေးရတယ်ဆိုပေမယ့်လည်း လုံခြုံရေးအရဆိုပြီး သူတို့နေတိုးတပ်ဖွဲ့တွေနဲ့ အုပ်ချုပ်ရေးယန္တရားက ဆက်ရှိနေတာပဲ။ ဘယ်တော့ကျမှ သူတို့ထွက်သွားမှာလဲဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး မဟုတ်လား။"

"အရှေ့တီမောဆိုလဲ ဘာထူးလဲကွာ၊ အင်ဒိုနီးရှားနိုင်ငံထဲကနေ ခွဲထွက်ဖို့ ဆန္ဒခံယူပွဲလုပ်တော့ အနောက်အားကိုးနဲ့ ခွဲထွက်ခဲ့တာလေ။ အခုထက်ထိ ဘာများ အခြေအနေကောင်းလာသေးလို့လဲ။ တစ်လောကပဲ တပ်ပြေးသူပုန်တွေက သမ္မတအိမ်ကို ဝင်စီးလို့ သမ္မတတောင် ဒဏ်ရာ အပြင်းအထန်နဲ့ မနည်းဆေးကုနေရတာမဟုတ်လား။ အဲဒီမှာလည်း နိုင်ငံစုံလုံခြုံရေးတပ်ဖွဲ့ဆိုပြီး ဆက်ပြီးအုပ်စီးထားတာပဲ၊ အရှေ့တီမောကို မျက်စိကျနေတာကြာပြီလေ။ အရှေ့တီမောကမ်းလွန်မှာ ရေနံနဲ့ သဘာဝဓာတ်ငွေ့သိုက်ရှိတယ်လို့ကြားတော့ ပိုဆိုးသွားတာပေါ့။"

"အေးကွာ၊ **တို့ဆီကလူတွေကလည်း ဒီဖြစ်ရပ်တွေကိုကြည့်ပြီး သင်ခန်းစာယူတတ်ဖို့ လိုတယ်လို့ထင်တာပဲ၊ ကိုယ့်အကျိုးစီးပွားတစ်ခုတည်း ရေတို မျက်မွေးတစ်ထောက်ကို မကြည့်ဘဲ တိုင်းပြည်ရဲ့ ရေရှည်အကျိုးစီးပွားကိုကြည့်သင့်တယ်။ ငါတို့တိုင်းပြည်မှာ တိုင်းရင်းသားလူမျိုးစုတွေက ရာကျော်ရှိနေတော့ ဒီလိုသာဖြစ်ချင်တိုင်း အဖြစ်ခံမယ်ဆိုရင် ကိုဆိုဗိုလိုအဖြစ်မျိုးတွေ အများကြီးဖြစ်လာနိုင်တယ်။ ဘယ်လောက်အန္တရာယ်ကြီးမလဲ စဉ်းစားကြည့်ပေါ့။** ငါတို့ဆီမှာက နှစ်ပေါင်းလေး၊ငါးဆယ် အချင်းချင်း တိုက်ခဲ့ကြတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့တာတောင် ပြောရရင် သိပ်ကြာလှသေးတာ မဟုတ်ဘူး။ ဒီငြိမ်းချမ်းရေးကို နည်းနည်းမှ အထိအခိုက်ခံလို့ မဖြစ်တဲ့ အနေအထားဆိုတာ အားလုံးသိသင့်တာပေါ့။ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုပြီး ကြားကောင်းအောင်ပြောနေပေမယ့် လက်တွေ့မှာ ၁၉၆၀ပြည့်လွန် နှစ်တွေကလို ပြည်ထောင်စု ပြိုကွဲသွားနိုင်မယ့်အချိုးမျိုးတွေ လှမ်းလာနေတာဟာ တိုင်းပြည်အတွက် အရမ်းအန္တရာယ်ကြီးတယ်ဆိုတာ သိစေချင်တာပါပဲကွာ"။ ။

❒ ကျောဖုံးမှ

ဖြတ်သန်းကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဧရာဝတီတံတား (ရတနာပုံ)ပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေး၍ ခရိုင်ချင်းဆက်လမ်းအမှတ် ၃ ၏ မိုင်တိုင်အမှတ် ၁ မိုင်၃ဖာလုံသို့ ရောက်ရှိကြပြီး စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးအင်ဟုတ်နှင့် တာဝန်ရှိသူများက ခရိုင်ချင်းဆက် လမ်းဘေးဝဲယာ တစ်လျှောက်၌ ယူကလစ်၊ စိန်ပန်း၊ တမာ၊ ကုက္ကို၊ မဲဇလီပင်များ စိုက်ပျိုးပြီးစီးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင် ၁၆ နှင့် ၁၇ကြားရှိ စည်ပင်သာယာရေးဦးစီးဌာန ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စစ်ကိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လမ်းဖောက်လုပ်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးဗိုလ်မှူးချုပ်မြင့်စိုးက ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

မှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တပ်ရွာမြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်း ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန ဦးလှမင်းနှင့် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က စိုက်ပျိုးရေ ပေးဝေနိုင်မှုနှင့် တပ်ရွာ၊ ရှိမ္ဗကား၊ ကျောက်မြောင်း၊ ခရမ်းစပ်ကုန်းလမ်းပိုင်းအရှည် မိုင်၉၀ ၄ဖာလုံဖောက်လုပ်ပြီးစီးမှုတို့နှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်ချက်များကို ဖြည့်စွက် ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားကာ ရှုရပ်နေရာမှ ရေတင်စက်များဖြင့် ဧရာဝတီမြစ်ရေတင်ပို့မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဆည်တောကျေးရွာ၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်း စိုက်ပျိုးပွဲသို့ ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူပင်မျိုးကိုင်းနှင့် မျိုးစေ့များကို တာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးပေးကာ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၏ မျိုးကိုင်း ၇၃၅၀နှင့် မျိုးစေ့ ၉၆၀၀၀ တို့ တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေဘိုမြို့နယ်အပိုင်း မိုင်တိုင်အမှတ် (၄၆/ ၆) မှ (၆၁/၅)တို့ လမ်းဖောက်လုပ်ပြီးစီးမှု၊ ဇော်ကနားရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် ရေပေးဝေမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောက်ငနွားစက်အနီး၌ ကျင်းပသည့် ရွှေဘိုမြို့နယ် ခြံစည်းရိုးကြက်ဆူစုပေါင်းစိုက်ပျိုးပွဲသို့ ရောက်ရှိသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ခြံစည်းရိုးကြက်ဆူပင်မျိုးကိုင်းနှင့် မျိုးစေ့တို့ကို ပျိုးအိတ်တွင် ထည့်သွင်းစိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူမျိုးကိုင်း ၅၀၀၀၀နှင့် မျိုးစေ့ ၅၀၀၀၀ တို့တပျော်တပါး စုပေါင်းစိုက်ပျိုးနေသည်ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် တာဝန်ရှိသူများက ဒေသဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ထားရှိမှုများကို အသီးသီး ရှင်းလင်း တင်ပြကြရာ တိုင်းမှူးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မုံရွာစက်မှုဇုန်ခွဲ(ရွှေဘို)ရှိ ရုပ်ပျိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရွှေဘိုမြို့နယ် ဇော်ကနားရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပြင်ဦးလွင်မြို့နယ်အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

မန္တလေး မတ် ၁

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဖေဖော်ဝါရီ ၂၇ရက်က တာဝန်ရှိသူများလိုက်ပါလျက် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအား ကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များမှာကြား

ရှေးဦးစွာ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ပြင်ဦးလွင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့တွင် နှစ်ဆုံးစာမေးပွဲစစ်ဆေးနေမှုအခြေအနေများ၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုစစ်ဆေး၍ လိုအပ်သည်များ မှာကြားစီမံဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ အမှတ်(၁)၊ အမှတ် (၃)နှင့် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းများသို့ သွားရောက်ပြီး နှစ်ဆုံးစာမေးပွဲ စစ်ဆေးနေမှုအခြေအနေများနှင့် မီးဘေးလုံခြုံရေးစီမံဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားစီမံဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(က–ပ)**

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ လက်ရည်စစ်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co.,Ltd. က အဓိကကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ လက်ရည်စစ်ပြိုင်ပွဲ (Grand Royal Special Reserve Golf Championship 2008. Qualify Round) ၏ ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့်အခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်ဂေါက်ကလပ် တည်းကုန်း၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဆုချီးမြှင့်

ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ဆက်လက်ကျင်းပရာ International Beverages Trading Co., Ltd. မှ PR မန်နေဂျာ ဦးရဲတင့်က ပြိုင်ပွဲတွင် Putting Challenge ပြိုင်ပွဲ၌ ဆုရရှိသော ကျော်မင်းအား လည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးရေးထက်ဒိုးက ကိုက် ၂၈၀ ဖြင့် ကျင်းအမှတ်ကိုး၌ Longest Drive ပြိုင်ပွဲတွင် ဆုရရှိသော ကျော်မင်းသန်းအား လည်းကောင်း၊ ၂ ပေ ၅ လက်မဖြင့် ကျင်းအမှတ် ၁၀၌ Nearest to the Pin ပြိုင်ပွဲတွင် ဆုရရှိသော အောင်နိုင်ထူးအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်မှ အမှုဆောင်များဖြစ်ကြသော ဦးချမ်းဟန်က ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိကြသော ဒသမမှ အဋ္ဌမအထိ ဂေါက်သီးရိုက်အားကစားသမားများအား လည်းကောင်း၊ ဦးကိုကိုလေးက သတ္တမမှ ပဉ္စမအထိ ဂေါက်သီးရိုက်အားကစားသမားများအားလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က စတုတ္ထမှ ပထမအထိ ဂေါက်သီးရိုက်အားကစားသမားများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က Handicap ပြိုင်ပွဲတွင် Nett Total ၁၃၉ ချက်ဖြင့် ပထမရရှိသော သက်မောင်မောင်၊ Nett Total အချက် ၁၄၀ဖြင့် ဒုတိယရရှိသော ဝင်းစိန်နှင့် Nett Total အချက်၁၄၀ဖြင့် တတိယရရှိသော နိုင်ရဲလင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အမှတ်တရလက်ဆောင်

ယင်းနောက် International Beverages Trading Co.,Ltd. မှ Desing and Development ဒါရိုက်တာ ဦတင့်ဦးက Scratch ပြိုင်ပွဲတွင် ပထမရရှိသော သက်ဇော်ထွေး၊ ဒုတိယရရှိသော ကျော်လှိုင်၊ တတိယရရှိသော မင်းသူရအောင်၊ စတုတ္ထရရှိသော မြတ်မင်းထွန်းနှင့် ပဉ္စမရရှိသော နိုင်ရဲလင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး ရန်ကုန်ဂေါက်ကလပ်က အမှတ်တရ လက်ဆောင်ကို ပေးအပ်ရာ ရန်ကုန်ဂေါက်ကလပ်မှ ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မြတ်ထံ ပေးအပ်သည်။

ဗိုလ်လုပွဲတက်ခွင့်ရ

အဆိုပါ ဂေါက်သီးရိုက်အားကစားသမား ငါးဦးတို့သည် ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း၌ ကျင်းပမည့် ဗိုလ်လုပွဲ(Final Round) သို့ တက်ခွင့်ရရှိသွားကြသည်။

ပြိုင်ပွဲတွင် Main Sponsor အဖြစ် International Beverages Trading Co.,Ltd., Co. Sponsors များအဖြစ် Srixon, Alpine (Purified Drinking Water), Dusit Inya Lake Resort Yangon တို့ကလည်း ထပ်မံ၍ကူညီပံ့ပိုးကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Managementက တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ ရှေ့ဖုံးမှ

အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်တည်ငြိမ်ရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးတို့နှင့် လိုက်လျောညီစွာ လူမှုရေးကဏ္ဍတွင်လည်း ဟန်ချက်ညီညီ တိုးတက်မြင့်မားလာစေရန် အမျိုးသားရေး စွမ်းအားစုများ၏ ပူးပေါင်းပါဝင်မှုသည် အလွန် အရေးပါလှကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လူမှုရေးကဏ္ဍတွင် ပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားစေရန်၊မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်မှု၊ အမျိုးသားယဉ်ကျေးမှု မြတ်နိုးထိန်းသိမ်း မြှင့်တင်မှု စသည့် စိတ်ပိုင်းဆိုင်ရာ အခြေခံများ မြင့်မားခိုင်မာစေရန်နှင့် ပညာရေး၊ ကျန်းမာရေး စသော လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု အခြေခံများ တိုးတက်ဖြစ်ထွန်းလာစေရန်တို့ကို စနစ်တကျ ကြိုးပမ်းဆောင်ရွက်ရင်း အမျိုးသားရေး စွမ်းအားစုများကို တစုတစည်းတည်း ဖြစ်အောင် စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ စုစည်းခိုင်မာပြီး လက်တွဲပူးပေါင်းဆောင်ရွက်နေကြသည့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းပေါင်းများစွာတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် သမိုင်းအစဉ်အလာကြီးမားပြီး ခေတ်အဆက်ဆက် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို ရှေ့တန်းကျကျ သယ်ပိုး ဆောင်ရွက်သော စေတနာ့ဝန်ထမ်း လူမှုရေးအသင်းကြီး တစ်သင်းဖြစ်သည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

သမိုင်းမော်ကွန်း

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ပြည်သူများ၏ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုကို အမျိုးသားကျန်းမာရေးမူဝါဒနှင့်အညီ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုကို ခံယူပြီး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့အပြင် သဘာဝ ဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ကယ်ဆယ်ရေးကဏ္ဍများတွင်လည်း ဆက်စပ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မိမိနိုင်ငံ၏ တရားဥပဒေဘောင်အတွင်း၌ လူမှုကရုဏာလုပ်ငန်းများကို နှစ်ပေါင်း ၇၀ကျော်တိုင် စွမ်းစွမ်းတမံ ပါဝင်ကူညီဆောင်ရွက်ခဲ့သည့် အသင်းကြီးအဖြစ် သမိုင်းမော်ကွန်း တင်နိုင်ခဲ့ပြီဖြစ်ကြောင်း။

လှုပ်ရှားဆောင်ရွက်

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများကို ကြည့်မည်ဆိုလျှင် မိမိတို့၏ ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ လှုပ်ရှားဆောင်ရွက်နေသကဲ့သို့ မြန်မာ့ရေမြေသဘာဝ၊ မြန်မာ့သမိုင်းကြောင်းအခြေခံ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်နှုန်းစံများ၊ အမျိုးသားရေး ဝိသေသ ထူးခြားချက်များနှင့် ဆီလျော်ညီညွတ်စွာ လှုပ်ရှားဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူများ၏ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်မှုလုပ်ငန်းများ၊ ပြည်သူများ၏ လူမှုရေးဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေး လုပ်ငန်းများနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားရေးတာဝန်များကိုပါ ညီညာတက်ကြွစွာ လှုပ်ရှားဆောင်ရွက်လျက်ရှိပြီး အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းနေသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးကို အခြား အမျိုးသားရေး အင်အားစုများနည်းတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် ပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်စေရန် အခြေအနေနှင့် အခွင့်အလမ်းများကို ဖန်တီးဖော်ဆောင်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ အမျိုးသားအင်အားစုများဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့စသည့် လူမှုရေးအသင်းအဖွဲ့များနှင့်ပါ လုပ်ငန်းကဏ္ဍအလိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

စဉ်ဆက်မပြတ်

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းစေရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ကြက်ခြေနီလုပ်ငန်းများနှင့် ပူးပေါင်းပါဝင် ပံ့ပိုးဆောင်ရွက်သွားကြပါ၊ တိုးတက်ဖြစ်ထွန်းနေသည့် နည်းပညာရပ်များနှင့်အညီ နိုင်ငံတကာ အဆင့်အတန်းနှင့် ရင်ပေါင်တန်းနိုင်သော လူ့စွမ်းအားအရင်းအမြစ်များ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၌ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် စနစ်တကျ စီမံဖော်ဆောင်ကြပါ။

တိုက်တွန်းမှာကြား

တန်ဖိုးရှိသည့် အမျိုးသားရေး စွမ်းအားစုတစ်ရပ်ကို ဦးစီးဦးဆောင်ပြုနေကြသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်များ၊ အမှုဆောင်များအနေဖြင့် အလွန်ထူးခြားမွန်မြတ်လေးနက်သည့် အမျိုးသားရေးတာဝန်တစ်ရပ်ကို မိမိတို့ ထမ်းရွက်နေသည်ဆိုသော ခံယူချက်ဖြင့် မိမိအသင်းကြီး တိုးတက်သည်ထက် တိုးတက်အောင်၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုး တိုးတက်ဖော်ဆောင်နိုင်အောင် ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး မြန်မာနိုင်ငံကြက်ခြေနီအသင်း နဝမအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံဖွင့်ပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁)သည် နိုင်ငံလုံးဆိုင်ရာ ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်များ၊ ညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁)သည် ညီလာခံ၌ ခင်းကျင်းပြသထားသော မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အသင်းဖွံ့ဖြိုးတိုးတက်ရေး၊ လူထုအခြေပြုကျန်းမာရေး စောင့်ရှောက်ရေး၊ ဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲရေး၊ အသိပညာပေး ဆွေးနွေးတင်ပြခြင်းနှင့် ဖြန့်ဝေခြင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကြက်ခြေနီသို့လှောင်ရုံ ၁၉၈ခုပြမြေပုံ၊ ငွေကြေးအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အသင်းဖွဲ့စည်းပုံ၊ လူထုဖွံ့ဖြိုးရေးစီမံချက်၊ ကျောင်းကြက်ခြေနီနှင့် ကျေးရွာအနှံ့ ကြက်ခြေနီခရီးဆန့်မည် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

(သတင်းစဉ်)

■ ကျောဖုံးမှ

အောင်မြင်စွာဖောက်လုပ်

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ကြံခင်း-ပခုက္ကူရထားလမ်း ၃၂၂မိုင်ကို ကြံခင်း-သရက် လမ်းပိုင်း ၁၁၁မိုင်၊ သရက်-ပွင့်ဖြူလမ်းပိုင်း ၁၀၀၊ ပွင့်ဖြူ-ပခုက္ကူလမ်းပိုင်း ၁၁၁မိုင် စသည်ဖြင့် အပိုင်းသုံးပိုင်းခွဲ၍ ဖောက်လုပ်လျက်ရှိရာ ယနေ့တွင် ကြံခင်း-သရက် လမ်းပိုင်းထဲမှ ကြံခင်း-ဥသျှစ်ပင် လမ်းပိုင်း ၃၈မိုင်ကို အောင်မြင်စွာ ဖောက်လုပ်ဖွင့်လှစ်နိုင်ခဲ့ခြင်းပင် ဖြစ်ကြောင်း။

ကြံခင်း-ဥသျှစ်ပင်လမ်းပိုင်းကို ၂၀၀၆ခုနှစ် ဩဂုတ် ၁ရက်တွင် စတင်ဖောက်လုပ်ခဲ့ပြီး တံတားကြီးငယ်ပေါင်း အစင်း၁၂၀၊ ဘူတာပေါင်း ခြောက်ဘူတာ၊ အများဆုံးကွေ့ဒီဂရီ ၆ဒီဂရီ၊ ကွေ့ပေါင်း ၃၄ကွေ့နှင့် အများဆုံး ဆင်ခြေလျှောမှာ ၁ အချိုး ၁၀၀ဖြစ်ကြောင်း၊ ဆက်လက်ပြီး ဖောက်လုပ်ရန်ရှိနေသေးသည့် ဥသျှစ်ပင်မှ ပခုက္ကူအထိကိုလည်း အပိုင်းလိုက် အမြန်ဆုံး ဖောက်လုပ်ဖွင့်လှစ်နိုင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ဆက်စပ်သွားလာနိုင်

ကြံခင်း-ပခုက္ကူရထားလမ်းကို ဆက်စပ်ဖောက်လုပ်ဖွင့်လှစ်ပေးနိုင်ခြင်းအားဖြင့် မူလက ဖောက်လုပ်ပြီးသားရှိနေသည့် ပုသိမ်-ကြံခင်းရထားလမ်း၊ ပခုက္ကူ-ကလေးရထားလမ်းတို့နှင့် ဆက်စပ်သွားပြီး ပုသိမ်မှ ကြံခင်း၊ ပခုက္ကူမှ ကလေးအထိ တစ်ဆက်တစ်စပ်တည်း ရထားဖြင့်သွားလာနိုင်တော့မည်ဖြစ်သကဲ့သို့ ပုသိမ်၊ ကြံခင်း၊ ပခုက္ကူ၊ မုံရွာ၊ ရွှေဘို၊ မြစ်ကြီးနားတို့အထိ ရထားဖြင့် သွားလာနိုင်မည်ဖြစ်ကြောင်း၊ ယင်းအတွက် ဧရာဝတီမြစ် အနောက်ဘက်ခြမ်း၌ တည်ရှိပြီး လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း အစရှိသည့် တိုင်းကြီးလေးတိုင်း၏ နယ်မြေဒေသများမှသည် ချင်းပြည်နယ်အထိ ဆက်စပ်သွားလာနိုင်ခြင်းဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့လည်း အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲမသွေပင်ဖြစ်ကြောင်း၊ **“ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေးဟာ အလွန်အဓိကကျတယ်”** ဆိုသော နိုင်ငံတော်အကြီးအကဲ၏ မိန့်မှာချက်အတိုင်း ဤနယ်မြေ၊ ဤဒေသများအတွက် မဝေးတော့သော အနာဂတ်ကာလတွင် နိုင်ငံတော်အစိုးရ၏ စေတနာအသီးအပွင့်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အထောက်အကူပြု ရထားလမ်းမကြီးသည်လည်း မိဘပြည်သူများရှေ့မှောက်တွင် မျက်ဝါးထင်ထင် တွေ့မြင်ခံစားလာရမည်ဖြစ်ကြောင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ၁၉၈၈ခုနှစ်မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ ဒသမ၃၅မိုင်သာရှိခဲ့ရာ တပ်မတော်အစိုးရလက်ထက်တွင် ယနေ့ဖွင့်လှစ်မည့် ကြံခင်း- ဥသျှစ်ပင်ရထားလမ်း အပါအဝင် ရထားလမ်းအရှည် ၁၂၁၀ ဒသမ ၅၁မိုင် ထပ်မံတိုးချဲ့ ဖောက်လုပ်နိုင်ခဲ့သည့်အတွက် ယနေ့ရထားလမ်းအရှည် စုစုပေါင်း ၃၁၈၆ဒသမ ၈၆ မိုင်ကို ဖောက်လုပ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ဆက်လက်ဖော်ထုတ်

ဆက်လက်၍ ပျော်ဘွယ်-ဘုရားငါးဆူရထားလမ်း ၁၆ဒသမ၁၉မိုင်၊ ကသာ-ဗန်းမော်ရထားလမ်း ၉၅မိုင်၊ ဥသျှစ်ပင်-ပခုက္ကူ ၂၈၄မိုင်တို့ကို ဆက်လက်ဖောက်လုပ်နေဆဲ ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကြံခင်း-ဥသျှစ်ပင်ရထားလမ်းပိုင်း ဖောက်လုပ်ပေးခဲ့ခြင်းကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်သည့်အတွက် နိုင်ငံတော်အား ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ကြံခင်း-ဥသျှစ်ပင်ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် တိုင်းမှူးများ၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် မြန်မာ့မီးရထားမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ကြံခင်းမြို့သို့ စတင်ထွက်ခွာမည့် အထူးရထားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် အထူးရထားသည် ဥသျှစ်ပင်ဘူတာမှ စတင်ထွက်ခွာရာ တိုင်းမှူးများ၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် လိုက်ပါစီးနင်းကြပြီး ခရီးသည်များအား ဖွင့်ပွဲအမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ကြိုးပမ်းဆောင်ရွက်

ယနေ့ဖွင့်လှစ်လိုက်သော ကြံခင်း-ဥသျှစ်ပင်ရထားလမ်းပိုင်း အရှည် ၃၈မိုင်သည် ပဲခူးတိုင်း(အနောက်ပိုင်း)နှင့် ဧရာဝတီတိုင်းတို့ကို ဆက်သွယ်ဖောက်လုပ်ခဲ့သည့် ရထားလမ်းပိုင်းဖြစ်ပြီး ကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်ရေးစီမံကိန်း စုစုပေါင်းအရှည်၃၂၂မိုင်၏ ကြံခင်း-သရက်လမ်းပိုင်းအရှည် ၁၁၁မိုင်အနက် တစ်စိတ်တစ်ပိုင်းပြီးစီးမှုဖြစ်ကာ ကျန်ရှိနေသေးသော ဥသျှစ်ပင်-သရက်လမ်းပိုင်း၊ သရက်-ပွင့်ဖြူလမ်းပိုင်းနှင့် ပွင့်ဖြူ-ပခုက္ကူလမ်းပိုင်း အပါအဝင် ရထားလမ်းအရှည်၂၈၄မိုင်ကို ဆက်လက်ဖောက်လုပ်လျက်ရှိရာ အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် မြန်မာ့မီးရထားမှ ဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ကြံခင်း-ပခုက္ကူ ရထားလမ်းစီမံကိန်း ပြီးစီးသွားပါက ဧရာဝတီတိုင်းမှ ကြံခင်း-ပခုက္ကူ ရထားလမ်းဖြင့် မကွေးတိုင်းသို့လည်းကောင်း၊ ကြံခင်း-ပခုက္ကူ-ဂန့်ဂေါ-ကလေးရထားလမ်းဖြင့် စစ်ကိုင်းတိုင်းသို့လည်းကောင်း၊ ကြံခင်း-ပခုက္ကူ-ချောင်းဦး-ဘုတလင်-ရေဦး-ခင်ဦး-မြစ်ကြီးနားရထားလမ်းဖြင့် ကချင်ပြည်နယ်သို့လည်းကောင်း တိုက်ရိုက်သွားရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

KNU အကြမ်းဖက်သောင်းကျန်းသူများပစ်ခတ်၊ မိုင်းထောင် အပြစ်မဲ့ပြည်သူနှစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

နေပြည်တော် မတ် ၁

တနင်္သာရီတိုင်း တနင်္သာရီမြို့နယ် ပျဉ်းမတိုးကျေးရွာနေ မခင်ဝေသည် ဖေဖော်ဝါရီ ၂၄ရက် ည ၈နာရီခန့်တွင် ရွာအနီးရှိ ဥယျာဉ်ခြံသို့သွားစဉ် KNU အကြမ်းဖက်သောင်းကျန်းသူ ခုနစ်ဦးခန့်က လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် မခင်ဝေ၏ လက်ဝဲလက်ကောက်နှင့် လက်ယာရင်အုံတို့၌ ဒဏ်ရာများရရှိခဲ့ကြောင်း၊ မခင်ဝေအား ဖေဖော်ဝါရီ ၂၅ရက် နံနက် ၆နာရီတွင် တနင်္သာရီဆေးရုံသို့ ပို့ဆောင်စဉ် လမ်းခရီး၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

မိုင်းစထိမှန်

ရေဖြူမြို့နယ် နှမ်းကဲ့ကျေးရွာနေ ဦးစန်းဝင်းသည် ဖေဖော်ဝါရီ၂၆ရက် နံနက်၇နာရီခွဲခန့်တွင် ရေး-ထားဝယ် ကားလမ်းမိုင်တိုင် ၃၃/၃၄ အရှေ့ဘက် ၃မိုင်ခန့်အကွာ ဟိန်းဆဲချောင်းဖျား၌ သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံး နင်းမိသဖြင့် ယာခြေချင်းဝတ် ပြတ်ရှ၊ ဝဲခြေသလုံး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့၍ ကလိန်အောင်မြို့နယ် ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသထားကြောင်း သိရသည်။

ပွဲချင်းပြီးသေဆုံး

မွန်ပြည်နယ် ရေးမြို့နယ် ရင်းဒိန်ကျေးရွာနေ ဦးဒေါင်း၊ ဦးလှဝင်းနှင့် ဦးဟုတ်စွမ်တို့သည် ဖေဖော်ဝါရီ၂၆ရက် ညနေ၃နာရီခန့်တွင် ရင်းဒိန်ကျေးရွာ၏ အရှေ့ဘက်၃မိုင်ခန့်အကွာ တောထဲ၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲခဲ့သဖြင့် ဦးဒေါင်းသည် နေရာတွင် ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း၊ ဦးလှဝင်းနှင့် ဦးဟုတ်စွမ်တို့မှာ မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သဖြင့် ရေးမြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများ ဈေးကွက်တွင်ပေါများ ငါးမျိုးစုံ ဈေးကွက်သို့ ပုံမှန်ဝင်ရောက်၍ ဈေးနှုန်းတည်ငြိမ်

ကွင်းဆင်းတွေ့ဆုံမေးမြန်းသူ - မြင့်မောင်စိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် မတ် ၁

ယခုသီတင်းပတ် မတ် ၁ ရက်တွင် ရန်ကုန်မြို့ တာမွေဈေး၊ ဗဟိုစံပြငါးဈေးကြီးနှင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံလက်ကားဈေးကြီးဖြစ်သည့် ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးကြီးတို့မှ အခြေခံစားသောက်ကုန်များ ရောင်းဝယ်ဖောက်ကားမှုအခြေအနေကို ကွင်းဆင်းမေးမြန်း ဖော်ပြလိုက်ပါသည်။

မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်းမှ ဆန်လက်လီအရောင်းဆိုင်ကို တာမွေအခွန်လွတ်ဈေးတွင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

ဆန်ဈေးနှုန်း

တာမွေဈေးကြီးတွင် ရောင်းချသော ဆန်ဈေးနှုန်းမှာ ဆန်ကြမ်းတစ်ပြည်လျှင် အနိမ့်ဆုံးဈေး ကျပ် ၆၅၀ရှိပြီး အမြင့်ဆုံးဈေးမှာ ကျပ် ၈၀၀ရှိသည်။ ဆန်အချောတစ်ပြည် ဈေးနှုန်းမှာ အနိမ့်ဆုံးကျပ် ၈၀၀ရှိပြီး အမြင့်ဆုံးကျပ် ၁၀၀၀သာ ရှိသည်။

တာမွေအခွန်လွတ်ဈေးကြီးတွင် ပေါ်ဆန်းတစ်ပြည် ကျပ် ၁၀၀၀၊ ပေါ်ကျွဲတစ်ပြည်ကျပ် ၈၀၀မှ ၉၀၀ရှိသည်။ ဆန်ကြမ်းဧည့်မထတစ်ပြည်လျှင်ကျပ်၄၀၀မှကျပ်၆၀၀သာရှိသည်။

ဆန်ဈေးမှာ ရန်ကုန်ဈေးကွက်သို့ ဧရာဝတီတိုင်းမှဆန်များ နေ့စဉ်ပုံမှန် ဝင်ရောက်နေ၍ ဆန်ဈေးကွက် တည်ငြိမ်နေဆဲဖြစ်သည်။

ဆီဈေးနှုန်း

စားသုံးဆီဈေးနှုန်းမှာ တာမွေဈေးကြီးတွင် ပဲဆီရိုးရိုး တစ်ပိဿာလျှင် ကျပ် ၃၈၀၀ မှ ၄၀၀၀ရှိသည်။ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ဈေးရှိသည်။

သားငါးဈေး

သားငါးဈေးနှုန်းမှာ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးသို့ငါးမျိုးစုံ ဝင်ရောက်မှုမှာ ပုံမှန်ပိဿာချိန် နေ့စဉ် တစ်သိန်းလေးသောင်းကျော်၊ တစ်သိန်းခွဲ ဝင်ရောက်နေသဖြင့် ငါးဈေးအတက်အကျမရှိ ဈေးနှုန်းတည်ငြိမ်နေသည်။

တာမွေဈေးကြီးတွင် ငါးကြင်း တစ်ပိဿာလျှင်ကျပ် ၃၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျပ် ၂၀၀၀၊ ငါးသလောက်တစ်ပိဿာကျပ် ၂၅၀၀၊ ပုစွန်တစ်ပိဿာကျပ် ၇၀၀၀ မှ ၉၀၀၀၊ တီလားပီးယားငါး တစ်ပိဿာ ကျပ် ၂၀၀၀ ဈေးရှိသည်။

တာမွေအခွန်လွတ်ဈေးကြီးတွင် ရေချိုငါးမျိုးစုံဈေးနှုန်းမှာ ကျပ် ၉၀၀မှ ၁၅၀၀သာ ဈေးရှိသည်။

ကြက်၊ ဝက်ဈေး

တာမွေဈေးကြီးတွင် ကြက်သား တစ်ပိဿာလျှင် ကျပ် ၄၅၀၀မှ ၅၀၀၀၊ ဝက်သားတစ်ပိဿာလျှင် ကျပ် ၅၀၀၀၊ အမဲသားတစ်ပိဿာလျှင် ကျပ် ၄၀၀၀ မှ ၄၅၀၀ ဈေးရှိသည်။ ဆိတ်သား တစ်ပိဿာကျပ် ၇၅၀၀မှ ကျပ် ၈၀၀၀ ဈေးရှိသည်။

ဘားကရာဈေး

သာယာဝတီနှင့် ကျောင်းကုန်းမြို့ နယ် များ မှ လာသော ကြံများကို ကြည့်မြင်တိုင် ဘား က ရာ ဈေး တွင် ဤသို့ လက်ကား ရောင်းချပေးနေသည်။

တာမွေအခွန်လွတ်ဈေးတွင် ကြက်သားတစ်ပိဿာ ကျပ် ၃၅၀၀၊ ဆိတ်သားတစ်ပိဿာကျပ်၄၀၀၀၊ အမဲသား တစ်ပိဿာ ကျပ် ၃၀၀၀မှ ၃၅၀၀၊ ဝက်သားတစ်ပိဿာ ကျပ် ၃၅၀၀ဈေးရှိသည်။

အခွန်လွတ်ဈေးတွင် ဆိုင်းဘုတ်၌ ဖော်ပြထားသော ဈေးနှုန်းများအတိုင်း ရောင်းချပေးနေကြောင်း၊ အလေးချိန်ပြည့်ရန် ကြပ်မတ်ဆောင်ရွက်ပေးနေကြောင်း၊ ကိုယ်တိုင်ထုတ်လုပ်ရောင်းချသူများဖြစ်၍ဈေးနှုန်းသက်သာကြောင်း တာမွေအခွန်လွတ်ဈေးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကြက်ဥ၊ ဘဲဥဈေး

တာမွေဈေးကြီးတွင် ဘဲဥတစ်လုံးလျှင် ကျပ်၁၀၀၊ ၁၁၀ရှိပြီး ကြက်ဥဈေးမှာလည်း တစ်လုံးလျှင် ကျပ် ၉၀၊ ၁၀၀ ဈေး ရှိသည်။ ယင်းဈေးကြီးတွင် နွားနို့များ အထူးရောင်းဝယ်ဖောက်ကားလျက်ရှိရာ နွားနို့တစ်ပိဿာလျှင် ကျပ်၁၀၀၀ ရှိပြီး ကျွဲနို့တစ်ပိဿာ ကျပ် ၁၆၀၀ ဈေးရှိသည်။

ကုန်ခြောက်ဈေး

ကုန်ခြောက်ဈေးမှာ တာမွေဈေးကြီးတွင် အာလူးတစ်ပိဿာကျပ် ၆၀၀ ရှိပြီး မြစ်သားကြက်သွန်နီတစ်ပိဿာ ကျပ် ၇၅၀ရှိသည်။ ဆိတ်ဖြူကြက်သွန်နီမှာ တစ်ပိဿာကျပ်၆၀၀ဈေးရှိသည်။ ကြက်သွန်ဖြူတစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဈေးရှိသည်။

ကုန်စိမ်းဈေး

ကုန်စိမ်းဈေးနှုန်းမှာ ဆောင်းသီးနှံများဖြစ်သည့် ဘူးသီး၊ ဘူးညွန့်၊ ခရမ်းသီး၊ ခရမ်းချဉ်၊ ဆလတ်၊ မုန်ညင်း၊ မုန်လာထုပ်၊ ပန်းမုန်လာ၊ မုန်လာဥ၊ နံနံပင်များလှိုင်လှိုင်ပေါနေဆဲဖြစ်သည်။

မရန်းသီးများ ပေါ်ခါစတွင် တစ်ဆယ်သား ကျပ် ၄၀၀ဈေး ရှိသော်လည်း ယခုအခါ လှိုင်လှိုင်ပေါ်၍ တစ်ဆယ်သား ကျပ်၅၀ဈေးသာရှိတော့သည်။ သီရိမင်္ဂလာဈေးတွင် ဘူးသီး တစ်လုံးလျှင် အနည်းဆုံးကျပ် ၃၀၀မှ ၄၀၀၊ အများဆုံး ကျပ်၅၀၀မှ ၆၀၀ အထိသာဈေးရှိသည်။ ဂေါ်ဖီပန်းတစ်ပွင့်လျှင် ကျပ်၂၀၀၊ ဂေါ်ဖီတစ်ထုပ်လျှင် ကျပ်၂၀၀မှ ၃၀၀ရှိသည်။ ခရမ်းချဉ်သီး တစ်ပိဿာ ကျပ် ၄၀၀ဈေး ရှိသည်။ ပဲသီး၁၀စည်းလျှင် ကျပ်၄၀၀ရှိပြီး သခွားသီးသုံးလုံးလျှင် ကျပ် ၁၀၀ ရှိသည်။

ရွှေသခွားသီး

ကျောက်ဆည်မှလာသော ရွှေသခွားသီးများကို သီရိမင်္ဂလာဈေးတွင် ရောင်းချနေသည်မှာ ....

သစ်သီးဝလံဈေး

သီရိမင်္ဂလာဈေးကြီးတွင် စပျစ်သီးများ စတင်ဝင်ရောက်လာပြီး ပေါ်ဦးပေါ်ဖျားဖြစ်၍ တစ်ဆယ်သားလျှင် ကျပ် ၂၀၀ဈေးရှိသည်။ ကျောက်မဲ၊ သီပေါတို့မှ နာနတ်သီးများလှိုင်လှိုင်ဝင်ရောက်လျက်ရှိရာ တစ်လုံးလျှင် ကျပ် ၄၀၀ မှ ၅၀၀အထိ ရှိသည်။

ထူးထူးဆန်းဆန်း ကျောက်ဆည်ထွက် ရွှေသခွားမှာ အလုံးလုလု အဝါရောင်အဆင်းရှိပြီး တစ်လုံးလျှင် ကျပ် ၈၀၀၊ ၉၀၀ရှိသည်။

နွေစာသီးနှံဖြစ်သည့် ဖရဲသီးမှာ ရေကြည်၊ အသုတ်မြို့နယ်များမှ ဝင်ရောက်လာရာ လှိုင်လှိုင်ပေါနေ၍ အလုံးကြီး တစ်လုံးလျှင် ကျပ် ၁၅၀၀သာရှိသည်။ ယခုတလော သီပေါ၊ ကျောက်မဲမှ ဝင်ရောက်နေသော လိမ္မော်သီးမှာ အဝင်နည်းသွားပြီဖြစ်သည်။

တရုတ်ပန်းသီးများမှာလည်း ရာသီဥတု ပူပြင်းလာပြီဖြစ်၍ ပန်းသီးတင်သွင်းသူများက လျှော့၍တင်သွင်းနေသဖြင့် နေ့စဉ်ပန်းသီးကားတစ်စီးခန့်သာ ဝင်ရောက်လျက်ရှိသည်။ သို့သော်လည်း ပန်းသီးဈေးမှာ သုံးလုံး ကျပ် ၁၀၀၀၊ လေးလုံးကျပ် ၁၀၀၀ဖြင့် လက်လီရောင်းချနေသည်။

ပြောင်းဖူးလှိုင်လှိုင်ဝင်

အခုတလော သီရိမင်္ဂလာဈေးကြီးသို့ မအူပင်နှင့် ညောင်တုန်းမြို့နယ်တို့မှ ပြောင်းဖူးများ လှိုင်လှိုင်ဝင်လာသည်။ ပြောင်းဖူးအဖူး ၁၀၀လျှင် ကျပ် ၆၀၀၀၊ ၆၅၀၀ဖြင့် ရောင်းချပေးနေသည်။ ပြောင်းဖူးပြုတ်ရောင်းသူများက တစ်ဖူးလျှင် ကျပ် ၁၀၀၊ ၁၅၀ဖြင့် ရောင်းချလျက်ရှိသည်။

ကြံ၊ အုန်း၊ ငှက်ပျောဈေး

ကြည့်မြင်တိုင်မြို့နယ် ဘားကရာဆိပ်ကမ်းတွင် သာယာဝတီနှင့်ကျောင်းကုန်းမြို့နယ်များမှ ဝင်ရောက်လာသော ကြံရိုးများမှာ ၁၀ချောင်းတစ်စည်းလျှင် ကျပ် ၁၂၀၀ဈေးရှိသည်။ နွေရာသီအအေးရောင်းကောင်းသည့်ရာသီဖြစ်၍ ကြံဝယ်လိုအားကောင်းလာကြောင်း ကြံရောင်းသူတစ်ဦးက ပြောသည်။

အခွံချွတ် အုန်းသီးတစ်လုံးမှာ ကျပ် ၂၀၀၊ ၂၅၀ဈေးရှိသည်။ ကျုံပျော်နှင့်မအူပင်မြို့နယ်များမှ ဘားကရာဆိပ်ကမ်းသို့ ငှက်ပျောသီးများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိသည်။ ဖီးကြမ်း တစ်ဖီးလျှင် အနိမ့်ဆုံး ကျပ် ၂၀၀မှ အမြင့်ဆုံးကျပ် ၇၀၀သာ ဈေးရှိသည်။ ခွံဝါဟု ခေါ်သော သီးမွှေးငှက်ပျောတစ်ဖီးမှာ ကျပ် ၅၀၀မှ ၈၀၀အထိ ဈေးရှိနေကြောင်း ယခုတစ်ပတ်ကုန်ဈေးနှုန်းဈေးကွက်အဖုံဖုံကို ကွင်းဆင်းလေ့လာဖော်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

သီရိမင်္ဂလာဈေး

မအူပင်နှင့်ညောင်တုန်းမှ ဝင်လာသော ပြောင်းဖူးများကို သီရိမင်္ဂလာဈေးကြီးတွင် ဤသို့ ရောင်း ဝယ် နေ ကြသည်။

ဆန်ဈေးမှာ ရန်ကုန်ဈေးကွက်သို့ ဧရာဝတီတိုင်းမှ ဆန်များ နေ့စဉ်ပုံမှန် ဝင်ရောက်နေ၍ ဆန်ဈေးကွက် တည်ငြိမ်နေဆဲဖြစ်။

ကံထူးရှင်များပေါ်ထွက်

ရန်ကုန် မတ် ၁

ပြည်တွင်းအခွန်များ ဦးစီးဌာန အောင်ဘာလေ သိန်းဆုဌာနခွဲ၏ အကြိမ်(၂၃၀)မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါ အတိုင်းဖြစ်သည်။

ကျပ်သိန်း ၅၀၀ ဆု

အ-၄၅၈၄၇၁

ကျပ်သိန်း ၃၀၀ ဆုများ

ရ-၄၄၃၆၅၉ ဘ-၃၄၉၉၃၉

ကျပ်သိန်း ၂၀၀ ဆုများ

ရ-၃၅၇၅၀၂ ဃ-၇၃၉၀၈၆

လ-၈၉၂၄၈၅ ဓ-၂၈၀၅၄၄

ကျပ်သိန်း ၁၀၀ ဆုများ

ဟ-၂၃၀၇၃၆ တ-၆၆၇၃၅၆

ဂ-၆၂၂၈၂၇ အ-၃၇၀၀၃၈

တ-၈၁၁၄၅၆ ပ-၉၈၈၆၆၇

ဍ-၂၇၆၇၀၅ ပ-၃၈၇၅၀၃

ဇ-၆၅၃၀၄၅ စ-၈၆၃၇၈၃

ထ-၇၈၀၅၆၀ ဍ-၁၆၀၈၃၆

တ-၁၅၃၆၀၅ ဂ-၂၄၆၃၂၀

ဌ-၇၈၇၇၆၈ က-၃၄၃၀၄၉

ဘ-၄၀၂၇၁၅ ဏ-၉၀၃၅၀၂

ကျပ်သိန်း၁၀၀

(မင်္ဂလာစုံတွဲ)

ဆုမဲများ

ပ-၇၅၄၂၈၈ ဋ-၆၆၉၈၀၃

ဆ-၅၃၀၇၉၈ ည-၈၀၆၀၅၀

န-၈၈၀၅၁၆ အ-၄၄၆၀၀၉

ဌ-၉၂၂၁၉၈ ဘ-၆၀၁၂၆၁

န-၈၉၀၂၈၃ အ-၃၃၉၇၇၉

ဓ-၅၂၂၂၇၈ ထ-၃၄၀၃၂၈

ဠ-၂၈၄၅၅၃ ယ-၂၁၉၄၄၈

သ-၃၉၃၃၆၈ ဌ-၇၉၇၆၆၄

စ-၆၇၄၆၉၂

မြန်မာ့ရုပ်မြင်သံကြား

၂-၃-၂၀၀၈ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ

၈:၀၅ ၆။ အတီးပြိုင်ပွဲ

၈:၁၅ ၇။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၈:၃၀ ၈။ International News

၈:၄၅ ၉။ Say it in English

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၀ ၂။ တေးဂီတအစီအစဉ်

၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

၁၁:၃၅ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်

၁၂:၀၅ ၅။ မြန်မာဗီဒီယိုဇာတ်လမ်း **တစ်နေ့သောနေသာချိန်** လူမင်း၊ ပန်းဖြူ၊ မျိုးစန္ဒီကျော်၊ (ဒါရိုက်တာ-နေပိုင်)

၁၄:၀၀ ၆။ အတီးပြိုင်ပွဲ

၁၄:၁၀ ၇။ တေးဂီတအစီအစဉ်

၁၄:၂၀ ၈။ **ရေမြင့် .... ကြာတင့်** ခန့်စည်သူ၊ ဇော်၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ငွမ်းပုံ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

၁၄:၃၅ ၉။ အသွင်သဏ္ဌာန်တောက်သည့် သဇင်တန်ပေါက်တံတား

၁၄:၄၅ ၁၀။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ English for Everyday Use

၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ အထူးပြု) [ဓာတုဗေဒ]

၁၇:၀၀ ၅။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ(၂၀၀၃ခုနှစ်)

၁၇:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၁၇:၂၅ ၇။ ဆိုကြမယ် ပျော်ကြမယ်

၁၈:၀၀ ၈။ ညနေခင်းသတင်း

၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ

၁၈:၃၅ ၁၀။ တေးဂီတအစီအစဉ်

၁၈:၅၅ ၁၁။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့အားမာန်** (အပိုင်း-၁၈)

၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း

၁၄။ နိုင်ငံတကာသတင်းများ

၁၅။ မိုးလေဝသအခြေအနေ

၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း-၆)

ဘဏ္ဍာရေး စည်းမျဉ်းအထူးသင်တန်းဖွင့်

ရန်ကုန် မတ် ၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းသည် ဖေဖော်ဝါရီ ၂၅ရက် နံနက်ပိုင်းက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် ၅၁ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသောဘဏ္ဍာရေး စည်းမျဉ်းအထူးသင်တန်း အမှတ်စဉ်(၁၉) နှင့် ဟင်းလျာချက်ပြုတ်ရေး သင်တန်း အမှတ်စဉ်(၂) သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

လှည့်လည်ကြည့်ရှု

ညွှန်ကြားရေးမှူးချုပ်ဦးသန်းဝင်းနှင့်အဖွဲ့သည် သင်တန်းများဖွင့်ပွဲအပြီးတွင် သင်တန်းသူများ၏ အိပ်ဆောင်၊ စာသင်ဆောင်၊ စားရိပ်သာတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

2-3 (11) 1 3/2/08, 2:16 AM

ကျေးရွာစာကြည့်တိုက် စာအုပ်အလှူခံဌာန တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဖေဖော်ဝါရီ၁၅ရက်က တာဝန်ရှိသူများလိုက်ပါလျက် တောင်ကြီးမြို့ မြို့မဈေးကြီးအနီးရှိ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်မျိုးစုံအလှူခံဌာနသို့ ရောက်ရှိလာကာ စာအုပ်မျိုးစုံလှူဒါန်းရရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ရန်ကုန် အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (ဈ) ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက် အတွင်း တည်ဆောက်လျက်ရှိသော သီလဝိသောဓနီ နှစ်ထပ်သိမ်တော်ကြီးတွင် အောက်ထပ် ကြွေပြား ၁၀ပေပတ်လည် လေးခန်းအတွက် အလှူငွေကျပ် လေးသိန်းကို ၂/၃၆ ဇမ္ဗူရာဇ်ရွှေစင်လမ်း ဝေဘာဂီမြို့သစ်မှ ဦးတင်ဦး- ဒေါ်စန်းစန်းတင့်၊ သမီး ချောအိဇင်၊ ဖြိုးအိဇင် မိသားစုက ဦးဆောင်နာယကဆရာတော် ဘဒ္ဒန္တ သုမင်္ဂလဗုဒ္ဓိ (ရတနာဇေယျကျောင်း) ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးဘချို လက်ခံယူစဉ်။ (က-ပ)

ဝိုင်းမော်မြို့တွင်း ကတ္တရာခင်း

ဝိုင်းမော် ဖေဖော်ဝါရီ ၂၉

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်းလမ်း ၁၁လမ်း အရှည်ပေ ၂၇၀၀၊ အနံ၁၂ပေ ကတ္တရာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၈ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်အောင် ဦးဆောင်သော ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးဌေးလွင်စိုး ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း မှုခင်းသတင်းများ

ချမ်းအေးသာစံမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မတ် ၁

မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက် ၃၂ x ၃၃လမ်းကြားရှိ ဘော်ဒါဆောင်တွင် ဖေဖော်ဝါရီ၂၈ရက် နံနက်၉နာရီခွဲက မီးအားမြင့်စက် အပူလွန်ကဲရာမှစတင်၍ မီးလောင်ကြောင်း သတင်းရသဖြင့် မီးသတ်ယာဉ် ၃၂စီးဖြင့် ငြိမ်းသတ်ရာ နံနက်၁၁နာရီတွင် မီးငြိမ်းသွားသည်။ မီးလောင်မှုကြောင့် အဆောက်အအုံလေးလုံး မီးလောင်ခံရပြီး အရန်မီးသတ်တပ်ဖွဲ့ဝင် နှစ်ဦးဒဏ်ရာရရှိခဲ့၍ မန္တလေးဆေးရုံသို့ပို့ဆောင်ကာ ဆေးဝါးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လုပ်ငန်းလိုင်စင်အတု ကိုင်ဆောင်သူအား အရေးယူ

ရန်ကုန် မတ် ၁

ယာဉ်ထိန်းနယ်မြေ(၄)မှ ဒုရဲအုပ်စန်းလွင်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၆ရက် နံနက်၁၁နာရီခွဲက သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းပေါ်တွင် ယာဉ်များအား စစ်ဆေးရာ မောင်မောင်နိုင် မြရိပ်ညို ၃လမ်း (၅)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူ မောင်းနှင်လာသော လ/၇၆၆၇ (တောင်းအေ့စ်) ယာဉ်၏ လုပ်ငန်းလိုင်စင်အပိုင်း(၂)နှင့် တြိဂံစာရွက်တို့မှာ အတုပြုလုပ်သုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မောင်မောင်နိုင်အား သဃ်န်းကျွန်းရဲစခန်းမှ (ပ)၂၁၆/၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၂၀/၄၆၈ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရားမဝင် စက်သုံးဆီ ရောင်းချသူများအား ဖမ်းဆီးအရေးယူ

ရန်ကုန် မတ် ၁

လှိုင်ရဲစခန်းမှ ဒုရဲအုပ်ညွန့်ဝင်းနှင့်အဖွဲ့သည် ဖေဖော်ဝါရီ၂၈ရက် မွန်းတည့် ၁၂နာရီက တရားမဝင်စက်သုံးဆီများ သိုလှောင်ရောင်းချနေကြောင်း သတင်းအရ လှိုင်မြို့နယ် (၁)ရပ်ကွက် ဗဟိုလမ်းနှင့်ရွာမကျောင်းလမ်းထောင့်ရှိ အောင်ကျော်မြင့်၏ လမ်းဘေးဆိုင်အား ဝင်ရောက်ရှာဖွေရာ ဓာတ်ဆီ ဂါလန်၇၀၊ ဒီဇယ်ဆီ ၄၉ဂါလန်တို့အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

စက်သုံးဆီ သိုလှောင်ရောင်းချသူ အောင်ကျော်မြင့် ရတနာမြိုင်လမ်း ကမာရွတ်မြို့နယ်နေသူအား လှိုင်ရဲစခန်းမှ (ပ)၉၀/၀၈ အရေးကြီးကုန်ပစ္စည်းအက်ဥပဒေပုဒ်မ-၈(၁)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မှတ်ပုံတင်ထားခြင်းမရှိသော အချိုရည်တံဆိပ်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအား အရေးယူ

ရန်ကုန် မတ် ၁

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ်တင့်လွင်ဦးနှင့်အဖွဲ့သည် လှိုင်မြို့နယ် (၁၆)ရပ်ကွက် ဦးဘိုးမှန်လမ်း အမှတ် ၅၀နေအိမ်တွင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော အချိုရည်တံဆိပ်များဖြင့် အချိုရည်ဘူးမျိုးစုံ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းအရ ဖေဖော်ဝါရီ၂၈ရက်ညနေ၆နာရီက ဝင်ရောက်ရှာဖွေခဲ့ရာ အိမ်ရှင်ဇော်မြင့်အား တရားဝင်ခွင့်ပြုချက်မရှိသည့် တံဆိပ်ကပ်ထားသော အချိုရည်ဘူးမျိုးစုံ၊ တံဆိပ်စာရွက်မျိုးစုံ ပလတ်စတစ်ဘူးလွတ်မျိုးစုံနှင့် ဆက်စပ်ပစ္စည်းများ၊ အချိုရည်ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုသည့် ဟိုင်းလပ်ယာဉ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးခဲ့သည်။

လှိုင်ရဲစခန်းမှ တရားဝင်မှတ်ပုံတင် တင်ထားခြင်းမရှိသော အချိုရည်တံဆိပ်များအသုံးပြု၍ အချိုရည်ဘူးများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူ ဇော်မြင့်အား (ပ)၉၁/၀၈ အမျိုးသားအစားအသောက် ဥပဒေပုဒ်မ-၃၁/၂၈(ခ)ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(သတင်းစဉ်)

သီတဂူကြယ်တစ်ပွင့် ဓမ္မသဘင်

ရန်ကုန် မတ် ၁

သာသနဓဇ ဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မကထိက ဗဟုဇနဟိတဓရ ဆရာတော် အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်) သည် မတ် ၇ရက်၊ ၈ ရက်၌ ကဒုံရွာ ဘိုကလေးမြို့နယ်၊ ၉ရက်၊ ၁၀ရက်၌ ဘိုကလေးမြို့၊ ၁၂ ရက်မှ ၁၄ရက်အထိ အောင်လံမြို့၊ ၁၆ရက်ည၌ အောင်သာရွာ ပခုက္ကူ၊ ၁၇ရက်၌ ဥယျာဉ်ကုန်းမြောက်ပြင် မန္တလေး၊ ၁၈ ရက်၌ အိုင်တောင် ကနီမြို့၊ ၁၉ရက်၌ ဟသ်ာရွာ အရာတော်၊ ၂၀ရက်၌ သုံးဆယ်မြို့၊ ၂၁ရက်၌ အင်းတိုင်ရွာ လှည်းကူး၊ ၂၂ရက်၌ အောင်ချမ်းသာ ဘုတလင်မြို့၊ ၂၃ရက်၌ ကျွဲခြံကုန်း မြင်းခြံ၊ ၂၄ရက်၌ နဂါးကွက်သစ် မန္တလေး၊ ၂၅ရက်၊ ၂၆ရက်၌ သံရွာ ကျောက်ဆည်၊ ၂၇ရက်၌ ကျောက်ပန်းတောင်းမြို့၊ ၂၈ရက်၌ ထီးတင်ပွဲ မြောက်ပြင် မန္တလေး၊ ၂၉ရက်၌ ငါးလုံးကုန်း ကျောက်ဆည်၊ ၃၀ရက်၌ ရှင်ပြုအလှူ ငြိမ်းချမ်းရွှေပြည် မန္တလေး၊ ၃၁ရက်၌ ငါန်းဇွန်မြို့၊ ဧပြီ ၁ရက်၌ ပန်းတနော်မြို့၊ ၂ရက်(ဆည်းဆာ)၌ မဂိုလမ်းရန်ကုန်၊ (၄င်းည)၌ ၁၈(က) ရပ်ကွက် တောင်ဒဂုံ ရန်ကုန်၊ ၃ရက် (ဆည်းဆာ)၌ သာဓုလမ်း ကြည့်မြင်တိုင် ရန်ကုန်၊ (၄င်းည)၌နွယ်အေးရပ်-ဒေါပုံ၊ ၄ရက်မှ ၇ရက်အထိ ကြခပ်ကုန်းကြီး ကွမ်းခြံကုန်း၊၈ရက်၌ ရွှေတောင်မြို့၊ ၉ ရက်၌ အေးရွာ-ကြည့်မြင်တိုင်၊ ၁၀ရက်၊ ၁၁ရက်၌ ရှင်ပြုဇေယျာ ရွှေပြည် သဃ်န်းကျွန်း၊ ၁၂ရက်၌သမ္မတကမ်းခြေ ဒလမြို့ ရန်ကုန်၊ ၁၃ရက်၌ ၁၃ရပ် သီရိမြိုင် လှိုင်မြို့နယ် ရန်ကုန် ဓမ္မသဘင်များ၌ တရားတော်များ ဟောကြားမည်ဟုသိရသည်။**(က-ပ)**

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်

ရန်ကုန် မတ် ၁

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ ၁၄လမ်းတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို မတ် ၃ ရက်မှ ၁၂ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဈေးရောင်းပွဲတော်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်ကုန်ပစ္စည်းများဖြစ်သည့် အဝတ်အထည်၊ စားသောက်ကုန်၊ ဆေးဝါးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စတီးလ်ပစ္စည်းများ၊ အပ်ချုပ်စက်၊ စက်ဘီးနှင့် ဗလာစာအုပ်တို့ကို အထူးဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

Lolane ရောင်းအား အကောင်းဆုံးဆုချီးမြှင့်ပွဲနှင့် Rico ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် မတ် ၁

Grand Wynn Enterprises Ltd. မှ ၂၀၀၇ခုနှစ်အတွက် Lolane အလှကုန်ပစ္စည်းများ ရောင်းအားအကောင်းဆုံး ဆုချီးမြှင့်ပွဲနှင့် Rico ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၉ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel ၌ ကျင်းပရာ ရှေးဦးစွာ Managing Director ဦးလှဝင်းက နှုတ်ခွန်းဆက် ဂုဏ်ပြုစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် Lolane Complex မှ Admin. Manager ဒေါ်အေးအေးသာထွန်းက ၂၀၀၇ခုနှစ်အတွက် Lolane အလှကုန်ပစ္စည်းများ ရောင်းအားအကောင်းဆုံး ဖြန့်ဖြူးရောင်းချပေးခဲ့သည့် အရောင်းကိုယ်စားလှယ်ကြီးများအား ဆုချီးမြှင့်ရခြင်းနှင့် ၂၀၀၈ ခုနှစ်အတွက် Grand Wynn Enterprises Ltd. မှ အသစ်ထပ်မံထုတ်လုပ်လိုက်သည့် နိုင်ငံတကာ အဆင့်မီ အရည်အသွေးမြင့်မားသော ဆံပင်နှင့် အသားအရေထိန်းသိမ်းခြင်းဆိုင်ရာ Rico Hair & Body Care အလှကုန်ပစ္စည်းများဖြစ်သည့် အမျိုးသမီး၊ အမျိုးသားသုံး Rico Curl Booster Hair Cream & Rico Body Shampoo နှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။

လက်တွေ့သရုပ်ပြ

ဆက်လက်၍ ၂၀၀၇ခုနှစ် အတွက် Lolane အလှကုန်ပစ္စည်းများကို အများဆုံး ဝယ်ယူဖြန့်ဖြူးရောင်းချပေးခဲ့သော အရောင်း ကိုယ်စားလှယ်ကြီးများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး **(အောက်ပုံ)** Lolane Professional Hair Technician များနှင့် Tallent & Model Agency မှ Model လေးများက Lolane Aroma Colour & Daily Hair Oil သုံးစွဲပုံ သုံးစွဲနည်း အဆင့်ဆင့်တို့ကို လက်တွေ့သရုပ်ပြသကြသည်။

Grand Wynn Enterprises Ltd. သည် နိုင်ငံတကာ အဆင့်မီ အရည်အသွေးမြင့်မားသော ဆံပင်နှင့် အသားအရေထိန်းသိမ်းခြင်းဆိုင်ရာ Hair & Body Care အလှကုန်ပစ္စည်းများကို Lolane နှင့် Rico & Rina အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပြီး ကိုယ်စားလှယ်ရယူဖြန့်ဖြူးရောင်းချလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် Grand Wynn Enterprises Ltd. အမှတ် ၄၀၊ ၆၇လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၄၀၄၅၊ ၂၉၀၁၇၀၊ ၂၉၁၃၁၈၊ ဖက်စ်-၂၉၆၉၂၈နှင့် E-mail; grandwyn @ myanmar. com. mm သို့ အသေးစိတ်ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

လှိုင်မဟာစည်တရားစခန်း

ရန်ကုန် မတ် ၁

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၁) ရပ်ကွက် ယောဂီကျောင်းလမ်း လှိုင်မဟာစည်ဝိပဿနာကျောင်းတိုက်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော လှိုင်မဟာစည်(၂၉)နှစ်ပြည့်၊ သာသနာ့မာရ်အောင် ရွှေရတုကျော် (၂၅)နှစ်ပြည့်နှင့် မိဂဒါဝုန် ဝိပဿနာသင်တန်း ၁၇ရက် တရားစခန်းပွဲကို မတ် ၁၁ရက်မှ ၂၇ရက်အထိလည်းကောင်း၊ မဟာသင်္ကြန် ၁၇ရက်တရားစခန်းပွဲကို ဧပြီ ၁၁ရက်မှ ၂၇ရက်အထိလည်းကောင်း ဖွင့်လှစ်ကျင်းပသွားမည်ဖြစ်ရာ အသေးစိတ် သိလိုသူများ၊ စာရင်းပေးသွင်းလိုသူများနှင့်လှူဒါန်းလိုသူများသည် ရုံးခန်း ဖုန်း-၀၁-၅၂၆၁၈၂၊ ၅၁၉၇၅၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(က-ပ)**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့ ၂၂/၁၀၈ ရေခဲရပ်ကွက်နေ ဦးမောင်ညဏ်-ဒေါ်ခင်မွေးတို့၏သမီး မစောကေသီ၇/တငန(နိုင်) ၀၀၄၈၀၅သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

ဖခင်-ဦးမောင်ညဏ်
၇/တငန(နိုင်)၀၀၃၇၂၇၊
မိခင်-ဒေါ်ခင်မွေး
၇/တငန(နိုင်)၀၀၄၇၀၈၊
တောင်ငူမြို့။

ဩဝါဒါစရိယပူဇော်ပွဲနှင့် ဆရာများထောမနာပွဲ

ရန်ကုန် မတ် ၁

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ (၄၈)ကြိမ်မြောက် ဩဝါဒါစရိယ ဆရာတော်ကြီးများအား ပူဇော်ကန်တော့ပွဲနှင့် အဘိဓမ္မာသင်တန်းပြဆရာကြီး ဆရာမကြီးတို့အား ဂုဏ်ပြုထောမနာပွဲကို မတ် ၇ရက် (သောကြာနေ့)နံနက် ၈နာရီခွဲတွင် ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မာရတနာဃရ အဘိဓမ္မာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းသား၊ အသင်းသူများနှင့် အလှူရှင်များ ကြွရောက်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားသည်။

(က-ပ)

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မဥ္ဇူလမ်းသွယ်(၁)၊ အမှတ်၆၅နေ ကိုးကျင်ကွန်း(ခ) ဒေါ်ခင်ခင်ချိုသည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို မူပိုင်သုံးစွဲ၍ တစ်ဦးတည်းသောပိုင်ရှင်ဖြစ်ပါသည်။

SWAN STAR
JAPANESE STANDARD

NINE STARS

SWAN

အဆိုပါကုန်အမှတ်တံဆိပ်ကို သွပ်ရည်စိမ်၊ သွပ်ပြားအပါအဝင် အခြားအမိုးပြားအမျိုးမျိုးတို့နှင့် ထုတ်လုပ်ထားသည့် အိမ်အမိုးပြား၊ ရေကာပြား၊ နေကာပြားပေါ်တွင် အရောင်အသွေးအမျိုးမျိုးဖြင့် ကပ်နှိပ်၊ ရိုက်နှိပ်၍ အသုံးပြုပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကောင်းမွန်သော အမည်သတင်းကျော်ကြားလျက် ဖြန့်ချိရောင်းချနေပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၀၀၆ခုနှစ် မှတ်ပုံတင်စာချုပ်အမှတ် (၆၈၉၈၊ ၆၈၉၉၊ ၆၉၀၁)တို့အရ အသီးသီး မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်များကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အတုအပပြုလုပ်၍ အထက်ဖော်ပြပါ ကုန်ပစ္စည်းကို ဖြန့်ချိရောင်းချသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးအုံးမောင်(ဘီ၊ အက်စ်၊ စီ၊ ဘီ အယ်လ်)
တရားရုံးချုပ်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်
အမှတ်၃၊ ၃၄လမ်း၊ ရန်ကုန်မြို့။

သစ်တောရတနာ၊ ပြည့်ဘဏ္ဍာ အစဉ်ထာဝရ၊ ထိန်းသိမ်းကြ

မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၈

MYANMAR FURNITURE FAIR - 2008
MFF 08

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း
မတ်လ(၃)ရက်မှ(၇)ရက်အထိ
တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း
ရန်ကုန်မြို့



- Manual
- Auto
- Auto + Manual
500 VA မှ 10 KVA

မန်ယူတို့အနိုင်ရပြီး အာကြီးနှင့်တစ်မှတ်သာကွာ ချယ်လ်ဆီးတို့အဝေးကွင်း၌ ဂိုးပြတ်သွင်းအနိုင်ရ

လန်ဒန် မတ် ၁

ပရီမီယာလိဂ်ပွဲစဉ်(၂၈)ကို မတ်၁ရက်၌ ဆက်လက်ကစားရာ မန်ယူက အဝေးကွင်း၌ ဖူလ်ဟမ်ကို သုံးဂိုးပြတ်အနိုင်ယူလိုက်သော်လည်း အာကြီးတို့ အိမ်ကွင်း၌ ဗီလာကို တစ်ဂိုးစီသရေကျခဲ့ရာ မန်ယူတို့ အာကြီးနှင့် ရမှတ်တစ်မှတ်သာ ကွာတော့သည်။

ဖူလ်ဟမ်နှင့် မန်ယူ

ချန်ပီယံလိဂ် ကစားရန် အမာခံကစားသမားများကိုအပြည့် ထုတ်မသုံးသော မန်ယူသည် တီဗက်ဇ်၊ ပတ်ဂျီဆန်နှင့် ဆာဟာတို့တိုက်စစ်အတွဲကို ပွဲထုတ်ခဲ့သည်။ ၄း၃း၃ အခင်းအကျင်းဖြင့် ဇူလူပြဟာအသစ်သုံးခဲ့သည့် ဖာဂူဆန်က တီဗက်ဇ်နှင့် ဆာဟာတို့ကို လွတ်လွတ်လပ်လပ် ထိုးဖောက်စေခဲ့ရာ ဟန်ဂီလန်ဦးဆောင်သော ဖူလ်ဟမ်ခံစစ်မှူးများ ပျာယာခတ်အောင် ဟန့်တားခဲ့ရသည်။

နောက်ခံလူငါးဦးအထိထားပြီး ခံစစ်အခိုင်အမာတည်ဆောက်ကစားခဲ့သော ဖူလ်ဟမ်တို့ မန်ယူတိုက်စစ်ကို မတားဆီးနိုင်ခဲ့ရာ ပွဲချိန်၁၅မိနစ်၌ အလွတ်တည်ကန်ဘောမှတစ်ဆင့် မန်ယူကွင်းလယ်ကစားသမား အိုဝင်ဟားဂရေ့ဗ်က အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သည်။

မန်ယူတို့ ၁၁ကြိမ်ထိုးဖောက်ကစားခဲ့ပြီး အပိုင်ကန်သွင်းခွင့် ခြောက်ကြိမ် ရရှိခဲ့သော်လည်း ဂိုးထပ်မံမသွင်းနိုင်ဘဲရှိနေရာမှ ပွဲချိန် ၄၄မိနစ်၌ ပေါလ်စခိုးဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ပတ်ဂျီဆန်က ခေါင်းတိုက်သွင်းယူခဲ့သဖြင့် မန်ယူတို့ ဒုတိယဂိုးရရှိခဲ့သည်။ ဖူလ်ဟမ်တို့ ချေပဂိုးရရှိရေး တန်ပြန်တိုက်စစ်ဆင်ကစားခဲ့သော်လည်း မထိရောက်ဘဲရှိနေရာ ပွဲချိန် ၇၂မိနစ်၌ ဖူလ်ဟမ်ကွင်းလယ်ကစားသမား ဆီမွန်ဒေးဗစ် ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားသဖြင့် မန်ယူတို့ လက်ဆောင်ဂိုးရရှိပြီး သုံးဂိုးပြတ်နှင့် အနိုင်ရရှိခဲ့ရာ ဖာဂူဆန် သုံးမှတ်အပြည့်ပိုက်ကာ ပြန်နိုင်ခဲ့ခြင်းဖြစ်သည်။

ဖူလ်ဟမ်နှင့် မန်ယူတို့ပွဲတွင် မန်ယူကွင်း လယ်ကစားသမား ဟား ဂရေ့ဗ် အဖွင့် ဂိုးကို ဤသို့ကန်သွင်းယူခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

ဖောင်ပိတ်သတင်း မောင်မောင်မြင့်ဆွေ

အာဆင်နယ်နှင့် ဗီလာ

အိမ်ကွင်း ဖြစ်သော်လည်း အမာခံကစားသမားများ အကုန်ထုတ်သုံးခဲ့သော အာကြီးတို့ ထင်တိုင်းမပေါက် ဖြစ်ခဲ့ရသည်။ ဗီလာတို့က အဝေးကွင်းဖြစ်သော်လည်း အာကြီးကိုမာမာတင်းတင်း တုံ့ပြန်ကစားနိုင်ခဲ့သည်။ အာကြီးတိုက်စစ်မှူး အဒီဘာယောလည်း ခြေစွမ်းမပြနိုင်ဘဲဖြစ်နေရာ ပွဲချိန် ၂၇ မိနစ်၌ အာဆင်နယ် နောက်ခံလူ ဆန်ဒရို့စ် ဘောလုံးဖျက်ထုတ်ရင်း ဂိုးဝင်သွားသဖြင့် ဗီလာတို့ လက်ဆောင်ဂိုး ရရှိသွားခဲ့သည်။

အိမ်ကွင်း၌ အဖွင့်ဂိုးပေးလိုက်ရသော အာကြီးတို့ ချေပဂိုးရရှိရေး အကြိတ်အနယ် ကြိုးစားသော်လည်း တိုက်စစ်မှူးများ ဆန္ဒစောနေမှုကြောင့် ဂိုးမရရှိဘဲ ဖြစ်နေခဲ့သည်။ အာကြီးတို့ အိမ်ကွင်း၌ တစ်ဂိုး အသွင်းခံထားရသဖြင့် အာကြီးပရိသတ်များ ငြိမ်သက်နေသလို အာစင်ဝင်းဂါးလည်း မျက်နှာပျက်လျက်ရှိသည်။

ပွဲချိန် မိနစ် ၉၀ အထိ ဂိုးထပ်မသွင်းနိုင်ဘဲ လေလွင့်ချိန် အစားပေးချိန်၌ ဖာဘရီဂတ်စ်ဂိုးရှေ့ အမြောက်တင်ပေးလိုက်သည့် ဘောလုံးကို အဒီဘာယော ခေါင်းဖြင့် အသာချပေးလိုက်ရာ အသက် ၁၈နှစ်အရွယ် လူငယ်တိုက်စစ်မှူး ဘန့်တလေ အနီးကပ်ကန်သွင်းယူလိုက်သဖြင့် အာကြီးတို့ ချေပဂိုးရရှိသွားကာ အာစင်ဝင်းဂါး ပြုံးပန်းပွင့်ကာ သရေရလဒ်ဖြင့် သိက္ခာဆယ်နိုင်ခဲ့သည်။

ဝက်စ်ဟမ်းနှင့် ချယ်လ်ဆီး

ချယ်လ်ဆီးတို့ အဝေးကွင်း၌ ဂိုးပြတ်သွင်းနိုင်ခဲ့သည်။ နိုင်ပွဲလိုအပ်နေသော ချယ်လ်ဆီးတို့ အနယ်ကာ၊ ကာလူး၊ ဘောလက်၊ မက်ခီလ်လီလီ၊ လမ်းပတ်နှင့် ဂျိုကိုးလ်စသည့် လူစုံထုတ်သုံးခဲ့ရာ ဝက်စ်ဟမ်းဘက်ကို အကြိမ်ကြိမ်ဂိုးသွင်းခွင့်ရရှိခဲ့သည်။ ချယ်လ်ဆီးအတွက် ဂိုးများကို ၁၇မိနစ်၌ ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် လမ်းပတ်က တစ်ဂိုး၊ မိနစ် ၂၀၌ ဂျိုကိုးလ်ကတစ်ဂိုး၊ ၂၂မိနစ်၌ ဘောလက်က တစ်ဂိုးနှင့် ၆၄မိနစ်၌ ဂျိုကိုးလ်က တစ်ဂိုး သွင်းယူခဲ့သဖြင့် လေးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲ ချယ်လ်ဆီးတို့ အနိုင်ရရှိခဲ့သဖြင့် ထိပ်ဆုံးမှ အာကြီးနှင့် ခုနစ်မှတ်သာကွာသည့်အနေအထားရောက်ရှိလာသည်။ ။

အခြားပွဲရလဒ်များ

ဘာမင်ဂမ် ၄-၁ စပါး
ဒါဘီ ၀-၀ ဆန်းဒါးလန်း
နယူးကာဆယ် ၀-၁ ဘလက်ဘန်း
မစ်ဒယ်ဘရော့ ၀-၁ ရက်ဒင်း။

(အင်တာနက်)

မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲယှဉ်ပြိုင်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ရန်ပုံငွေအဖြစ် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်နှင့် စူပါကွေကာတို့ကြီးမှူး ကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲကို ယနေ့မွန်းလွဲ၂နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)တွင် ကျင်းပရာ (KLN)ကလပ်မှ တွေ့မရှောင်နှင့် ဒေါင်းညိုလေး(ဒေါင်းမြန်မာ)တို့ ငါးချီ အချီပြည့်ယှဉ်ပြိုင်သွားကြပြီး သရေပွဲနှင့် အဆုံးသတ်သွားခဲ့သည်။

ငါးချီစိန်ခေါ်ပွဲ

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ငါးချီ စိန်ခေါ်ပွဲတွင် စိုးမိုးဟိန်း(နှစ်ရှည်ဥယျာဉ်)နှင့် ကျားသစ်လေး(အလင်းရောင်)၊ ရှုမဝ (ဒေါင်းမြန်မာ)နှင့် စောနေအောင်(ရွှေလက်ရာ)၊ စစ်အောင်(နှစ်ရှည်ဥယျာဉ်)နှင့် ကိုဦးလေး(မြို့တော်စည်ပင်)၊ ကျန်စစ်အောင်(အလင်းရောင်)နှင့် ရွှေမင်းရာဇာ (နှစ်ရှည်ဥယျာဉ်)၊ တွေ့မရှောင်(KLN)နှင့် ဒေါင်းညိုလေးတို့ ငါးချီအပြည့် ထိုးသတ်သွားပြီး သရေဖြင့်သာ ကျေနပ်သွားရသည်။

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ရှုမဝ (ဒေါင်းမြန်မာ) နှင့် စောနေအောင် (ရွှေလက်ယာကလပ်) တို့ ယှဉ်ပြိုင်ကြစဉ်။
(မြန်မာ့အလင်း)

ယနေ့ပွဲ

မတ်၂ရက် **(ယနေ့)**တွင် ပြိုင်ပွဲများ ဆက်လက်ကျင်းပမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ပညာရေးစုံညီပွဲနှင့် ဘက်စုံထက်မြက်ထူးချွန်ဆု ချီးမြှင့်

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၅

မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် မိုင်းနားဒေသစိတ်၂၀၀၇-၂၀၀၈ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထက်မြက်ထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ၁နာရီက ဝိုင်းမော်မြို့နယ် လဘာန်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ဘောလုံးကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဝိုင်းမော်မြို့နယ် ပညာရေးမှူးကိုယ်စား မိုင်းနားကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအုပ် ဆရာမကြီး ဒေါ်ညွန့်ညွန့်သန်းက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆုချီးမြှင့်

ဆက်လက်၍ နောင်တာလောကျေးရွာ အခြေခံပညာ မူလတန်းကျောင်းအုပ် ဆရာကြီး ဦးသိန်းနိုင်က အမှာစကား ပြောကြားပြီး မူလတန်းလွန်ကျောင်းနှင့် မူလတန်းကျောင်းများမှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ဘက်စုံထူးချွန်ဆု၊ ဘာသာရပ်ဆုနှင့်အားကစား ထူးချွန်ဆုရကျောင်းသား ကျောင်းသူများအား နောင်တာလောကျေးရွာ အခြေခံပညာမူလတန်းကျောင်းအုပ်ဆရာကြီး ဦးသိန်းနိုင်နှင့် လဘာန်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအုပ်ဆရာကြီး ဦးဆောင်ယိန်းတို့က ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြောင်းသိရသည်။**(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

ရွှေဘို၌ မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်

ရွှေဘို ဖေဖော်ဝါရီ ၂၂

ရွှေဘိုမြို့ စက်သုံးဆီအရောင်းဆိုင်အမှတ်(ဝ၆၄၈)၏ မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၃ နာရီက စက်သုံးဆီ အရောင်းဆိုင်၌ ကျင်းပသည်။

အခမ်းအနားတွင် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း သရုပ်ပြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအုံးချို၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးဝင်းမောင်နှင့် စက်သုံးဆီအရောင်းဆိုင်မန်နေဂျာ ဦးပေါင်ရှင်းမုန်တို့ တက်ရောက်၍ အားပေးကြည့်ရှုသည်။**(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် ဦးစီးအရာရှိ ဦးလှမြင့်တို့ ဇန်နဝါရီ ၃၁ရက်က ဟဲပိုးရေဝေကန်မှ ရေဖြန့်ဖြူးမှုနှင့်ရေစက်များ ကြံခိုင်မှုကို ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

တိုင်းစည်ပင်ညွှန်/မှူး ကလေးမြို့သာယာရေး လုပ်ငန်းစစ်ဆေး

ကလေး ဖေဖော်ဝါရီ ၁၇

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် မြို့ပြလမ်း၊ တံတားတည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ၊ ဆောက်ရွက်ပြီးစီးမှု၊ မြို့သာယာလှပရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် အဖွဲ့ပိုင်ပန်းခြံသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေများကိုစစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ဇန်နဝါရီ ၁၀ရက်က ကွင်းဆင်း စစ်ဆေးခဲ့ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်အောင်တို့ လိုက်လံရှင်းလင်းပြသကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျောင်းကုန်း၌ နွေစပါးလျာထားကေပြည့်မီရေး ဆောင်ရွက်

ကျောင်းကုန်း ဖေဖော်ဝါရီ ၁၈

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ၂ရက်မှ ၇ရက်အထိ စခန်းနယ်မြေခြောက်ခုတို့အား သွားရောက်၍ ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်ရာ ကျုံဖားရိုးကျေးရွာအုပ်စု ကိုင်းချောင်းကျေးရွာ၌ နွေစပါးစိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**

အပြည့်အဝစိုက်ပျိုး

ကျောင်းကုန်းမြို့နယ်တွင် ၂၀၀၇-၂၀၀၈ နွေစပါး လျာထားဧက ၂၁၉၈၃ဧကအနက် ရေကျဧက ၃၂၇၂ဧက၊ မယင်း ၁၁၄၁၅ဧက၊ သီးထပ် ၉၄၆ဧက စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ရန်ကျန်သည့် ဧက၆၃၅၀ကို အပြည့်အဝ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဟောပြော ဉာဏ်စမ်းပြိုင်ပွဲ ဆုများပေးအပ်ချီးမြှင့်

ဘုတ်ပြင်း ဖေဖော်ဝါရီ ၁၉

ဘုတ်ပြင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဟောပြောပွဲနှင့် ဉာဏ်စမ်းပြိုင်ပွဲကို ဖေဖော်ဝါရီ၈ရက် နံနက်၉နာရီက ကြိမ်နီတောင်ကျေးရွာ မူလတန်းလွန်ကျောင်း၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နီနီချို က ပြည်ထောင်စုနေ့အကြောင်း ဟောပြောသည်။(ဝဲပုံ)

ပေးအပ်ချီးမြှင့်

ဟောပြောပွဲအပြီးတွင် ဉာဏ်စမ်းပြိုင်ပွဲများ ဆက်လက်ကျင်းပရာ ဆုရရှိသူများကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးညွန့်ဝေက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးကောင်းမြို့ ဘုရင့်နောင်လမ်း ကတ္တရာလမ်းခင်း

မိုးကောင်း ဇန်နဝါရီ ၂၅

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၃ဝရက်က ဈေးကုန်းရပ်ကွက်ရှိ ဘုရင့်နောင်လမ်း အရှည်ပေ၂၁၀၀၊ အကျယ်၁၂ပေ ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်မှုများ ကချင်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိက လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ပဲခူးတိုင်း (အနောက်ပိုင်း) ဇီးကုန်းမြို့နယ် မြောက်လွတ်ကုန်းရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ဦးသန့်ဇော်အေး-ဒေါ်ဆွေဆွေဝင်း၏ သား မောင်လင်းထက်အောင်(၂နှစ်)ပြည့် မွေးနေ့အဖြစ် အာဟာရဒါနကျွေးမွေးလှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၁၀ရက်က ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြေယာရှင်းအလှတွင် ဝန်ထမ်းများ ပေါင်းမြက်များ ရှင်းလင်းနေမှုကို အမှုဆောင်အရာရှိ ဦးဝင်းလှိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မော်လမြိုင်၌ သီးနှံစိုက်ခင်း ပေါင်းမြက်ရှင်းလင်း

မော်လမြိုင် ဖေဖော်ဝါရီ ၁၉

မော်လမြိုင်မြို့ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်း စိုက်ပျိုးထားသော မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်နှင့် သီးနှံစိုက်ခင်းများတွင် ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် မြေယာပေါင်းသင် ခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၄ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း ဆောင်ရွက်မှုကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန် ကြီးကြပ်ဆောင်ရွက်ပေးကြောင်းသိရသည်။**(ပြည်နယ်စည်ပင်)**

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်-၄၄၂

ဒေါ်တင်တင်မိုး **နှင့်** ဦးစိန်ဝင်းမောင်
တရားနိုင် **တရားရှုံး**

ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီးရုံးအမှတ်(၁၃)၊ ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၀၂၇ တွင် ရရှိခဲ့သော ဒီကရီကို အတည်ပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ၂၀၀၈ ခုနှစ် မတ် ၂၀ရက် (၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁၄ ရက်)နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင် ရောင်းချလိမ့်မည်။ လေလံဆွဲဝယ်ယူလိုသူများသည် မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိတို့က တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ် ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြော်ငြာလိုက်သည်။

လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ

၁။ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ယဿဝတီလမ်း၊ အမှတ်-၁၀၂၄ ရှိ မြေနှင့်အိမ်။ **ကြမ်းခင်းဈေး ကျပ်သိန်း ၃၀၀။**
၂။ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၉၅ လမ်း၊ အမှတ်-၉၀ (ပထမထပ်) တိုက်ခန်းတစ်စုံ။ **ကြမ်းခင်းဈေး ကျပ်သိန်း ၁၅၀။**

ရောင်းချရန်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွဲလွဲခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာလည်း ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း၊ ရောင်းချသူ အရာရှိကယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး ထိုမရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်တစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံတင်ရောင်းချခြင်းကို တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၆၆ ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြုလျက် ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်ရက်တွင် ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်ပြန်၍ လေလံတင် ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးသန်း
တွဲဖက်တိုင်းတရားသူကြီး(၁၂)
ရန်ကုန်တိုင်းတရားရုံး။

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး

(၂၅၉၀)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်
(၁၃၆၉/၇၀)(၂၀၀၈)

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ယခုလာမည့် (၁၃၆၉-၇၀)ခု၊ တန်ခူးလဆန်း(၁၀)ရက် (၁၅-၄-၂၀၀၈)ရက် အင်္ဂါနေ့မှ တန်ခူးလပြည့်ကျော်(၄)ရက်(၂၄-၄-၂၀၀၈)ရက် (ကြာသပတေးနေ့)အထိ(၁၀)ရက်တိုင်တိုင် ကျင်းပပါမည်။

ပျော်ပွဲရှင်ပွဲအတွက် မြေနေရာများကို ၉-၃-၂၀၀၈ ရက်(တနင်္ဂနွေနေ့) တွင် လည်းကောင်း၊ ဈေးဆိုင်နေရာများကို ၃၀-၃-၂၀၀၈ ရက်(တနင်္ဂနွေနေ့) တွင်လည်းကောင်း နံနက်(၁၀)နာရီအချိန်တွင် ဂေါပကအဖွဲ့ရုံး၌ လေလံတင် ရောင်းချပါမည်။

အသေးစိတ်အချက်အလက်များ သိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့ ဖုန်း-၀၅၂-၂၁၀၆၈၊၀၅၂-၂၄၂၅၅။

ချိပ်ပိတ်တင်ဒါ ဈေးနှုန်းလျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် အမှတ်၈၀/၈၆ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့ရှိ အသုံးပြုပြီး မာဇဒါဘီ -၆၀၀အမျိုးအစား လေးဘီးမော်တော်ယာဉ်သုံးစီးအား ယာဉ်တစ်စီးချင်းအလိုက် မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်ဈေးနှုန်း (တင်ဒါ)စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

တင်ဒါစတင်လက်ခံမည့်နေ့ရက်	- ၁၂-၃-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)၊နံနက် ၁၀း၀၀နာရီ
တင်ဒါပိတ်မည့်နေ့ရက်	- ၁၄-၃-၂၀၀၈ရက် (သောကြာနေ့)၊ မွန်းတည့်၁၂း၀၀နာရီ
တင်ဒါဖွင့်မည့်ရက်	- ၁၄-၃-၂၀၀၈ရက် (သောကြာနေ့)၊ မွန်းလွဲ ၁း၀၀နာရီ

၂။ မော်တော်ယာဉ်များအား ၁၀-၃-၂၀၀၈ရက် (တနင်္လာနေ့)မှစ၍ ဖော်ပြပါလိပ်စာတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။
၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် စီမံရေးရာဌာန၌ ၁၀-၃-၂၀၀၈ ရက် (တနင်္လာနေ့) ရုံးချိန်အတွင်း စတင်ဝယ်ယူနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးအဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်မြင့်နှင့် ဒေါ်နီလာသော်တို့၏ ဖခင် ဗိုလ်မှူးချုပ်ဘသော်(ငြိမ်း) ဂျပန်ခေတ် စစ်တက္ကသိုလ် (ဒုတိယပတ်)ကြည်း-၄၀၀၃ သည် ၂၈-၂-၂၀၀၈ရက် နံနက် ၉နာရီ ၅၈မိနစ်တွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆေးသိပ္ပံပညာဦးစီးဌာန မိသားစု။

ဖခင်အမည်မှန်

ကျိုင်းတုံမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(ခ)မှ မနန်းဖောင်းတစ်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအုန်းမြင့် ဖြစ်ပါကြောင်း။

ဦးစိုင်းအုန်းမြင့်။

အမည်ပြောင်း

အဖ ဦးစောလမွန်၏ သမီးဖြစ်သူ ကျိုင်းတုံမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(ဃ)မှမဒီဇင်လုအား မဒေစီလုဟု ပြောင်းလဲခေါ်ပါရန်။

မဒေစီလု။

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသီဟ(**Vice Chairman, Htoo Group of Companies**) နှင့် ဦးတေဇ (**Chairman, Htoo Group of Companies**) တို့၏ ဖခင် သီရိပျံချီဦးမြင့်ဆွေ အသက်(၈၄)နှစ်သည် ၂၂-၂-၂၀၀၈ ရက် (သောကြာနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ထီးတန်းစားသုံးဆီသိုလှောင်ကန်
Diamond Dragon Co., Ltd.

အမြန်ရောင်းမည်

ပေ ၄၀ x ပေ ၆၀
တစ်ထပ်တိုက်
ပင်လုံလမ်းမကြီး
၃၅-မ/ဒဂုံ ဖုန်း-၅၈၄၅၂၃။

ဝမ်းနည်းကြေကွဲခြင်း

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်မြင့်နှင့် ဒေါ်နီလာသော်တို့၏ ဖခင် ဗိုလ်မှူးချုပ်ဘသော် (ငြိမ်း) ဂျပန်ခေတ် စစ်တက္ကသိုလ် (ဒုတိယပတ်) ကြည်း-၄၀၀၃ သည် ၂၈-၂-၂၀၀၈ရက် နံနက် ၉နာရီ ၅၈ မိနစ်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကျန်းမာရေးစီမံကိန်းဦးစီးဌာန မိသားစု။



သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ကျေးလက်အိမ်ရာ ဆောက်လုပ်ခြင်းအတွက် ရဲနွဲ့ကျေးရွာရှိ ဦးတင်စိန် ကျေးလက်အိမ်ရာ တည်ဆောက်နေခြင်းကို ဇန်နဝါရီ ၂၇ ရက်က အငယ်တန်း အင်ဂျင်နီယာ-၂ ဒေါ်သီတာမြင့် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ကျေးလက် သောက်သုံးရေကန်များ ရေတံကင်များ တပ်ဆင်ခြင်း၊ ခြံစည်းရိုးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၄ ရက်က ကင်ပွန်းကုန်းကျေးရွာ သောက်သုံးရေကန် ရေတံကင်နှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို အဖွဲ့ဒုတိယ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဆန်းဝင်းဆောင်ရွက်နေမှုအား အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုး ကွင်းဆင်းစစ်ဆေးကြီးကြပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၃-၃-၂၀၀၈ (တနင်္လာနေ့)
- ❑ Alphabet အက္ခရာ
  - ပထမနှစ်အရှေ့တိုင်းပညာ မြန်မာစာမြန်မာမှု၊ ရသစာပေအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ National Unification of Myanmar by Alaungmintaya
  - တတိယနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ

၄-၃-၂၀၀၈ (အင်္ဂါနေ့)
- ❑ Application of Maxwell's Equation
  - တတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Electrophilic Aromatic Substitution
  - တတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၅-၃-၂၀၀၈ (ဗုဒ္ဓဟူးနေ့)
- ❑ Electrophilic Addition to Unsaturated Carbon
  - တတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Continuous Functions
  - တတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ

၆-၃-၂၀၀၈ (ကြာသပတေးနေ့)
- ❑ Heterocyclic Compounds and Alkaloids
  - တတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Phobic Disorders
  - တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

၇-၃-၂၀၀၈ (သောကြာနေ့)
- ❑ Logic of Truth Function
  - ဒုတိယနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ An Introduction to the Study of Law
  - ပထမနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

၈-၃-၂၀၀၈ (စနေနေ့)
- ❑ History of Psychology
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Perceptual Organization
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Law and Legal Administration in the ERA of Myanmar Kings
  - ပထမနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Legal Rights
  - ပထမနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Cognitive Development
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Fields of Psychology and Methods of Psychology
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Memory 1
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Memory 2
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Central Nervous System
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Operant Conditioning
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Emotion
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

၉-၃-၂၀၀၈ (တနင်္ဂနွေနေ့)
- ❑ Linear Transformations(Linear Algebra)
  - ဒုတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Permutations And Combinations
  - ဒုတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Vector Spaces and Subspaces
  - ဒုတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Differential Calculus and Integral Calculus
  - ဒုတိယနှစ် စီးပွားရေးအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Centre of Gravity
  - ဒုတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Finance Mathematics I
  - ဒုတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Differential Equations I
  - ဒုတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Simple Harmonic Motion
  - ဒုတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Velocity
  - ဒုတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Ordinary Differential Equations I
  - ဒုတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်း–ကသာ–မြစ်ကြီးနား အမှတ်(၃)ခရိုင်ချင်းဆက်လမ်း စစ်ကိုင်း–ကျောက်မြောင်းလမ်းအပိုင်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁

မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ရက် နံနက်ပိုင်းတွင် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း(မန္တလေးဘက်ကမ်း) ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေး စီမံကိန်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးဌေးမြင့်က တံတားတည်ဆောက်ရေးလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်ပြီးစီးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။ *စာမျက်နှာ ၉ ကော်လံ ၄* ❐

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်လိုက်သည့် ကြံခင်း–ဥသျှစ်ပင် ရထားလမ်းပိုင်းတွင် ဥသျှစ်ပင်ဘူတာမှ ကြံခင်းမြို့သို့ အထူးရထား စတင်ထွက်ခွာစဉ်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုကြိုဆို ကြံခင်း–ဥသျှစ်ပင် ရထားလမ်းပိုင်းဖွင့်လှစ် ပုသိမ်မှကြံခင်း၊ ပခုက္ကူမှကလေးအထိ ရထားဖြင့်သွားလာနိုင်မည်

ရန်ကုန် မတ် ၁

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ကြံခင်း–ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းတွင် ပါဝင်သော ကြံခင်း–ဥသျှစ်ပင် ရထားလမ်းပိုင်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၆နာရီခွဲတွင် ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ဥသျှစ်ပင်ဘူတာအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဒုတိယဝန်ကြီးများ၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အထူးဖိတ်ကြားထားသူများနှင့် ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူ ပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေတို့က အမှာစကားပြောကြားကြသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ■

မိုးတိမ်တောင်များဖြစ်ပေါ်၍ လေပြင်းများ ခေတ္တမျှတိုက်ခတ်နိုင်

နေပြည်တော် မတ် ၁

ပူပြင်းခြောက်သွေ့သော ယခုအချိန်မှစ၍ မေလခန့်အထိ မြန်မာနိုင်ငံအရပ်ရပ်တို့တွင် နေ့အပူချိန်များ သိသိသာသာ တိုးပွားလာမည်ဖြစ်ရာ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်ရာမှ ရုံဖန်ရံခါ လေပြင်းများ ခေတ္တမျှ တိုက်ခတ်နိုင်သည်။

လေပြင်းများတိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ခန့်အထိ တိုက်ခတ်နိုင်ပြီး အချို့နေရာများတွင် နေရာကွက်၍ မိုးကြီးခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ဘယ်ယုန်မြင်လို့ ဘယ်ချုံထွင်နေကြတာလဲ

အခြေခံဥပဒေအတွက် အခြေခံမူရေးဆွဲရာမှာ နိုင်ငံရေးသမားလူလည်ပတ်ကားတွေပဲ လုပ်ပိုင်ခွင့်ရှိတာလား။ လူများစုလူထုကြီးကရော ပြောရေးဆိုခွင့်မရှိတော့ဘူးလား။ ဒီကိုယ်စားလှယ်တွေထဲမှာ တောင်သူလယ်သမားတွေကစပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်တွေ၊ အစိုးရဝန်ထမ်းတွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေ နိုင်ငံတကာ အတွေ့အကြုံ အများကြီးရှိပြီး နိုင်ငံတကာက လေးစားခြင်းခံရတဲ့ ထင်ရှားတဲ့ ပညာရှင်ပုဂ္ဂိုလ်ကြီးတွေ စသည်ဖြင့် အစုံပါတယ်။

စည်သူအောင်၏ ဆောင်းပါး (စာ ၈–၉)

ကျေးရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်။

သီးနှံစပါး ပြည့်အင်အား တားဆီးကာကွယ် မီးအန္တရာယ်